မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စိတ်သည် အရာရာကိုဦးဆောင်၏။ စိတ်သည် အမွန်မြတ်ဆုံးဖြစ်၏။ စိတ်သည် အရာရာကိုပြီးစီးစေ၏။ ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။ အေးမြသော အရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။ ဓမ္မပဒ

# မြဝတီ နေ့စဉ်

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

အမှားအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၆၇)

၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်
၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၁၀ ရက်၊ သောကြာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

စာ - ၅ သို့

## ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ(၂၀၂၅)ဖွင့်ပွဲအခမ်းအနားကျင်းပ
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြား

# နိုင်ငံသားတိုင်း "အသိဉာဏ်ပညာ"ပြည့်စုံကြမှသာ နိုင်ငံအကျိုး သယ်ပိုးထမ်းရွက်နိုင်မည့် စွမ်းအားထက်မြက်သည့် အင်အားစုကြီးတစ်ရပ်ကို ထူထောင်နိုင်မည်ဖြစ်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ(၂၀၂၅)အခမ်းအနားမှတ်တိုင်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

နေပြည်တော် ဇန်နဝါရီ ၉

ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ(၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန - ၂ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ **စာမျက်နှာ ၁၆ ကော်လံ ၁** ✯




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၁၀ ရက်)

# ကချင်ပြည်နယ်ကို အလှဆင်ကြစို့

မြန်မာနိုင်ငံသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုနယ်မြေ နေပြည်တော်အပြင် တိုင်းဒေသကြီးနှင့်ပြည်နယ်များဖြင့်ဖွဲ့စည်းထားရာ ကချင်ပြည်နယ်သည်လည်း တစ်ခုပါဝင်သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်တွင် ကချင်ပြည်နယ်ကောင်စီညီလာခံ၏ပထမဆုံးညီလာခံ ပထဆုံးအစည်းအဝေး၌ ကချင်ပြည်နယ်အစိုးရအဖွဲ့ဖွဲ့စည်းခဲ့သည်ကို ဂုဏ်ပြုသည့်အနေဖြင့် ထိုရက်ကို ကချင်ပြည်နယ်နေ့အဖြစ်သတ်မှတ်ခဲ့သည်။ ယနေ့ဆိုလျှင် (၇၇)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ကချင်ပြည်နယ်တွင် ဂျိန်းဖော့၊ လာချိဒ်၊ လော်ဝေါ်၊ လီဆူ၊ ရဝမ်၊ ဇိုင်ဝါး စသည့်ကချင်မျိုးနွယ်စုများနှင့်အတူ တိုင်းလုံ၊ တိုင်းလိုင်၊ တိုင်းခမ်းတီး၊ တိုင်းဆာ၊ တိုင်းလေ စသည့်ရှမ်းမျိုးနွယ်စုများ၊ ဗမာတိုင်းရင်းသားများနှင့် အခြားတိုင်းရင်းသားမျိုးနွယ်စုများ နေထိုင်လျက်ရှိကြသည်။ ထိုသို့တိုင်းရင်းသားများ ချစ်ကြည်ရင်းနှီးစွာနေထိုင်လျက်ရှိကြသည်မှာ နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီဖြစ်သည်။ ကချင်တိုင်းရင်းသားမျိုးနွယ်စုများ၏ဝတ်စားဆင်ယင်မှု၊ ရိုးရာအကအလှများ၊ စာပေယဉ်ကျေးမှုဓလေ့ထုံးစံများမှာ လှပခံ့ညားကျက်သရေရှိလှသည်။ ကချင်မျိုးနွယ်စုများ၏ မနောအကသည် နှစ်သက်မြတ်နိုးဖွယ်ရာ စည်းလုံးညီညွတ်မှုကိုဖော်ပြသည့်အကအလှဖြစ်သည်။

ကချင်ပြည်နယ်သည် အဖိုးတန်သယံဇာတများ၊ တန်ဖိုးရှိသည့်ရတနာများပေါကြွယ်ဝသည်။ တောတောင်ရေမြေသဘာဝပတ်ဝန်းကျင်ကောင်းများရှိသည်။ တစ်နှစ်ပတ်လုံးဆီးနှင်းများဖုံးလွှမ်းလျက်ရှိသည့် ရေခဲတောင်များ၏လှပမှုနှင့်အတူ အင်းတော်ကြီးအိုင်၊ မြစ်ဆုံတို့၏သာယာမှုတို့သည် ပြည်နယ်၏ထင်ရှားသော အလှအပသဘာဝများဖြစ်သည်။ ထို့ပြင်စိုက်ပျိုးဖြစ်ထွန်းသည့် ရေခံမြေခံကောင်းများလည်းတည်ရှိသည်။ ကချင်ပြည်နယ်အနေဖြင့် ရှိပြီးဖြစ်သောသဘာဝအရင်းအမြစ်များကို စနစ်တကျထိန်းသိမ်းပြီး ကုန်ချောအဖြစ်ထုတ်လုပ်မှုကိုတိုးမြှင့်နိုင်မည်ဆိုပါက ပြည်နယ်အတွင်းလိုအပ်ချက်များကိုဖူလုံစေမည့်အပြင် ပြည်တွင်းလိုအပ်ချက်ကိုပါ ဖြည့်ဆည်းပေးနိုင်ပေမည်။ ထို့ပြင် ပြည်တွင်းထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်မည်ဆိုပါက ဒေသခံများ၏လူမှုစီးပွားဘဝအဆင်ပြေတိုးတက်မည့်အပြင် နိုင်ငံအတွက် ဝင်ငွေလည်းတိုးတက်လာနိုင်မည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်ကိုစတင်တာဝန်ယူခဲ့သည့်အချိန်မှစ၍ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် ဘက်စုံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ရည်မှန်းချက်ထားလုပ်ဆောင်ပေးနေခြင်းဖြစ်သည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေး အလေးထားလုပ်ဆောင်လျက်ရှိရာ ငြိမ်းချမ်းသာယာဝပြောသည့်အနာဂတ်ကိုရည်မှန်းလျက် ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

နိုင်ငံတော်အစိုးရသည် တပ်မတော်အပါအဝင် တိုင်းရင်းသားပြည်သူများနှင့်အတူပူးပေါင်းပြီး စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ကိုအရင်းတည်ကာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို အမျိုးသားနိုင်ငံရေးတာဝန်များအဖြစ် ထာဝစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိသည်။ ပြည်သူများအားလုံး မျှော်လင့်နေသည်မှာ အေးချမ်းသာယာသောနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်ရန်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားပြည်သူအားလုံးအတွက် ရည်မှန်းချက်ကောင်းမွန်သည့်ပစ္စုပ္ပန်နှင့် ငြိမ်းချမ်းသာယာဝပြောသည့်အနာဂတ်ကို တည်ဆောက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးရည်မှန်းချက်အဖြစ် ဦးတည်ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးကို နိုင်ငံရေးရည်မှန်းချက်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အမျိုးသားရေးရည်မှန်းချက်နှင့်နိုင်ငံရေးရည်မှန်းချက်များ အောင်မြင်စွာဆောင်ရွက်နိုင်ရန် ဒေသတွင်းတိုင်းရင်းသားများ၏အသိဉာဏ်ပညာပြည့်စုံမှုများဖြင့် ဆောင်ရွက်ရမည်ဖြစ်၍ ပညာရေးမြှင့်တင်မှုများကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးနှင့်အတူယှဉ်တွဲပါလာသည့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းကာ နိုင်ငံသူ၊ နိုင်ငံသားအားလုံး လွတ်လပ်ခြင်း၏အရသာကို အေးအတူပူအမျှ မျှဝေခံစားနိုင်ကြဖို့အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် အသက်တမျှအရေးပါသည့်အချိန်ကာလဖြစ်ပါသည်။ ထို့ကြောင့် ကချင်ပြည်နယ်ရှိ ဒေသခံပြည်သူများကလည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားရေးစိတ်ဓာတ်ပြည့်ဝစွာနှင့် ကျရာကဏ္ဍအလိုက် အစိုးရ၊ တပ်မတော်တို့နှင့်အတူ ပူးပေါင်းဆောင်ရွက်ရင်း ကချင်ပြည်နယ်ကို ပိုမိုအလှဆင်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသောတပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# ပျဉ်းမနားမြို့နယ်၌ ကျေးလက်ကုန်ထုတ်လမ်းနှင့် တံတားများ ဖောက်လုပ်ပြီးစီးမှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၉

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသည့် ပေါ်စံခေါ်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းနှင့် တံတားများ ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ဇန်နဝါရီလ ၉ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဒေါ်မီမီထွေး၊ နေပြည်တော်တိုင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရန်မျိုးနိုင်နှင့်အဖွဲ့ဝင်များသည် ပေါ်စံခေါ်ကျေးရွာ၌ အရှည် ၃၇၉၉ ပေ၊အကျယ် ၁၂ ပေ၊ ထုမြေသား ၂ ပေ၊ ဂျင်း ၉ လက်မရှိကျေးလက်ကုန်ထုတ်လမ်းမြေသား+ရိုစာခင်းခြင်းလုပ်ငန်းနှင့် ၎င်းလမ်းပေါ် Slab Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက်ညွှန်ကြားရေးမှူး ဒေါ်မီမီထွေးက တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ကုန်ထုတ်လမ်းကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန်နှင့် ကျေးရွာတင်ပြချက်များအပေါ် အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

ပေါ်စံခေါ်ကျေးရွာတွင် အဆိုပါကုန်ထုတ်လမ်းနှင့် တံတားများ တည်ဆောက်ခြင်းလုပ်ငန်းများကို နိုင်ငံတော်၏သဘာဝဘေး ထောက်ပံ့ခွင့်ပြုရန်ပုံငွေကျပ် ၃၉ ဒသမ ၅၅၆ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။ အဆိုပါကျေးရွာရှိ ကျေးလက်နေပြည်သူများ၏ ကုန်ထုတ်လမ်းဘေးဝဲယာရှိ လယ်ယာမြေများမှ ထွက်ရှိသည့် လယ်ယာထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်အတွင်းသို့ကုန်ကျစရိတ်သက်သာစွာသယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **မောင်ခိုင်**

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ပနိုင်ငံအကြီးအကဲများထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

နေပြည်တော် ဇန်နဝါရီ ၉

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ကျရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ပနိုင်ငံအကြီးအကဲများထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ကာတာနိုင်ငံအကြီးအကဲ ရှိတ် တမင်း(မ်) ဘင် ဟမက် အယ် တာနီ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

အဆွေတော်နိုင်ငံ၏ လွတ်လပ်ရေးနေ့ နှစ်ပတ်လည်အခါသမယတွင် မိမိနှင့် ကာတာနိုင်ငံပြည်သူများ ကိုယ်စား အဆွေတော်နှင့် မြန်မာပြည်သူများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားများ ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ကာတာနိုင်ငံ ဒုတိယအကြီးအကဲ ရှိတ် အဗ္ဗဒူလာ ဘင် ဟမက် အယ် တာနီ ထံမှပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

အဆွေတော်နိုင်ငံ၏ လွတ်လပ်ရေးနေ့ နှစ်ပတ်လည်အခါသမယတွင် အဆွေတော် ကျန်းမာချမ်းသာ ပါစေကြောင်းနှင့် ချစ်ခင်ဖော်ရွေသော မြန်မာပြည်သူပြည်သားများ ဆက်လက်ဖွံ့ဖြိုးတိုးတက်အောင်မြင် ပါစေကြောင်း ဝမ်းမြောက်စွာ ဆုမွန်ကောင်းပို့သအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ကာတာနိုင်ငံ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ရှိတ် မိုဟာမက် ဘင် အဗ္ဗဒူရာမန် ဘင် ဂျက်ဆင် အယ် တာနီ ထံမှပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

အဆွေတော်နိုင်ငံ၏ လွတ်လပ်ရေးနေ့ နှစ်ပတ်လည်အခါသမယတွင် ကာတာနိုင်ငံအစိုးရကိုယ်စား လည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း အဆွေတော် ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားများ ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဝမ်းမြောက်စွာ ဆုမွန်ကောင်းပို့သအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံသို့ ကာတာနိုင်ငံ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ရှိတ် မိုဟာမက် ဘင် အဗ္ဗဒူရာမန် ဘင် ဂျက်ဆင် အယ် တာနီ ထံမှပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် လှိုက်လှိုက်လှဲလှဲဂုဏ်ပြု ပါကြောင်း၊ နှုတ်ခွန်းဆက်သခွင့်ရရှိသည့်အတွက် ဝမ်းမြောက်မိပါသည်။

အခွင့်အခါကြုံခိုက် မြန်မာနှင့် ကာတာနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးကို ထပ်လောင်းအတည် ပြုရင်း နှစ်နိုင်ငံလက်တွဲပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကဏ္ဍပေါင်းစုံတွင် အပြန်အလှန် အကျိုးစီးပွားကိုမြှင့်တင်နိုင်ပြီး နှစ်နိုင်ငံနှင့် ပြည်သူများ၏အကျိုးစီးပွားကို ပိုမိုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားလိုပါသည်။

အဆွေတော် ကျန်းမာချမ်းသာပြီး မြန်မာပြည်သူများလည်း အစဉ်တိုးတက်အောင်မြင်ကာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

# လူမှုဖူလုံရေးအဖွဲ့မှ ရွှေ့လျားဆေးကုသယာဉ်များဖြင့် ဝန်ထမ်းများအား ကွင်းဆင်းဆေးကုသမှုဆောင်ရွက်ပေး



နေပြည်တော် ဇန်နဝါရီ ၉

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေး အဖွဲ့မှ ရွှေ့လျားဆေးကုသယာဉ်များ (Mobile Medical Units) ဖြင့် အကျုံးဝင် အာမခံအလုပ်သမားများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက် ရာတွင် ပိုမိုထိရောက်စေရန်ရည်ရွယ်၍ လူမှု ဖူလုံရေး အကျုံးဝင်အလုပ်သမားများအား အလုပ်ဌာနများအရောက် ကွင်းဆင်းဆေး ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် လူမှုဖူလုံရေး အဖွဲ့သည် ရွှေ့လျားဆေးကုသယာဉ်ဖြင့် အလုပ်သမားဝန်ကြီးဌာနမှ ဝန်ထမ်းများထံ သွားရောက်ပြီး ကျန်းမာရေးစောင့်ရှောက်မှု များ ပြုလုပ်ရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြ သည်။

အဆိုပါ လူမှုဖူလုံရေးအဖွဲ့သည် နေပြည် တော်ကောင်စီအတွင်းရှိ အကျုံးဝင်ဌာန များသို့ ရွှေ့လျားဆေးကုသယာဉ်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး သည် အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူ များနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bounphieng CHANTHAVONG အား ဝန်ကြီးဌာန အစည်း အဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လာအိုနိုင်ငံရှိ အထောက် အထားမဲ့ မြန်မာနိုင်ငံသားများကို နှစ်နိုင်ငံ ဝန်ကြီးဌာနအချင်းချင်းပူးပေါင်း၍ နိုင်ငံ သားစိစစ်ခြင်းလုပ်ငန်းအား e-ID စနစ်ဖြင့် တိုက်ဆိုင်စစ်ဆေးပြီး မည်သူမည်ဝါဖြစ် ကြောင်း သက်သေခံလက်မှတ် (Certificate of Identity – CI) ထုတ်ပေးနိုင်ရေး၊ (OWIC) ကတ်ပြားထုတ်ပေးရေး၊ ဝန်ကြီးဌာနအနေ ဖြင့် အလုပ်အကိုင်ဖန်တီးပေးမှုများနှင့် ပတ်သက်၍ ဆောင်ရွက်ပေးနေမှု၊ မြန်မာ နိုင်ငံအနေဖြင့် ILO ၏ စံချိန်စံညွှန်းများ နှင့်အညီ Convention-87 ကို အကောင် အထည်ဖော်ဆောင်ရွက်မှုနှင့် နှစ်နိုင်ငံ အလုပ်သမားရေးရာ ကဏ္ဍများတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေး ကြသည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ အလုပ်သမားအခွင့်အရေးများ အပြည့်အဝ ရရှိရေး နှစ်နိုင်ငံ အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာနားလည်မှု စာချွန်လွှာ(MoU) ကို ပြီးခဲ့သည့်နှစ် အောက်တိုဘာလ ၂၁ ရက်က လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တွင် မြန်မာနိုင်ငံ အလုပ် သမားဝန်ကြီးဌာနနှင့် လာအိုနိုင်ငံ အလုပ် သမားနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာနတို့ အကြား လက်မှတ်ရေးထိုးခဲ့ကြောင်း သိရ သည်။

(သတင်းစဉ်)

## သဇင် (FM)အသံလွှင့်အစီအစဉ်

၁၀-၁-၂၀၂၅(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | For Youth |
| ၂။ | ၁၀:၀၀ | သတင်း/သီချင်း |
| ၃။ | ၁၃:၀၀ | တိုင်းရင်းသားစကားပြောကြရအောင် |
| ၄။ | ၁၇:၀၀ | ထူးခြားထင်ရှားကမ္ဘာတစ်လွှား |
| ၅။ | ၁၉:၀၀ | စစ်သည်ကဏ္ဍ |
| ၆။ | ၂၁:၂၀ | စာလာတယ်ဗျို့ |

## (၉-၁-၂၀၂၅) ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်) ၏ **ဈေးနှုန်းမှာ** (၅,၃၆၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**"ကျွန်ုပ်အား အင်္ဂလိပ်စာသင်ပြသည့် ဦးတိလောကမှာလည်း ကျွန်ုပ်၏ဖခင်နှင့် 'နင်လား ငါလား' ဆိုရလောက်အောင် အရိုက်သန်လှသောဆရာတော်တစ်ပါးဖြစ်၏။ ကျွန်ုပ်သည် ရံဖန်ရံခါကျောင်းပြေးတတ်သည့်အထဲမှာပင် အတန်းထဲ၌ ကျောင်းသား ၁၀ ယောက်ရှိသည့်အနက် ဒုတိယသော်လည်းကောင်း၊ တတိယသော်လည်းကောင်း လိုက်နိုင်ခဲ့သူဖြစ်၏။ ကျက်ရန်ပေးလိုက်သောစာကို နေ့တိုင်းစစ်၍ တစ်လုံးမရလျှင် ကြိမ်လုံးဖြင့် တစ်ချက်ရိုက်လေ့ရှိရာ ကျွန်ုပ်ပင် တစ်နေ့လျှင် အနည်းဆုံးသုံးလေးချက် အရိုက်ခံရ၍ ညံ့ဖျင်းသောကျောင်းသားများမူကား တစ်နေ့တွင် ဆယ်ချက်မက အရိုက်ခံကြရ၏. . ."**

**ယမန်နေ့မှအဆက်**

### တစ်မျိုးတစ်ဖုံ ဆော့ခြင်း

ရွှေတချောင်းမြောင်းပေါင်တစ်လျှောက်ရှိ ရေစပ်တွင် ကနခိုပင်များ၊ ဆင်နှာမောင်းပင်များ၊ ကုလားမျက်စိပင်များ ပေါက်ရောက်လျက်ရှိရာ ယင်းအပင်များ၏ထိပ်ဖျား၌ အနီရောင်၊ အဝါရောင်၊ အညိုရောင်ရှိသော ပုစဉ်းကောင်များနားလျက်ရှိ၏။ ကျွန်ုပ်တို့ညီအစ်ကိုနှစ်ယောက်သည် မြင်းမြီးတစ်ပင်စီရှာ၍ တစ်ဖက်အဖျားကို ဝါးခြမ်းတစ်ခု၏ထိပ်၌ချည်ကာ တခြားဘက်အဖျားတွင် နှမ်းစေ့ပမာဏရှိသည့် ပျားဖယောင်းလုံးကလေးကို ကပ်ထား၏။ ထို့နောက် ကျွန်ုပ်တို့သည် ဤနည်းပြင်ဆင်ထားသော'မြားတံ'တစ်ခုစီကိုင်လျက် အပင်ကလေးများထိပ်တွင်နားလျက်ရှိသော ပုစဉ်းကောင်ကလေးများ၏ရှေ့တွင် ဖယောင်းတုံးကလေးကို လှုပ်၍လှုပ်၍ပြ၏။ ပုစဉ်းကောင်သည် မြင်းမြီးကို မြင်ဟန်မရှိဘဲ တလှုပ်လှုပ်ဖြစ်နေသော ဖယောင်းလုံးကလေးကို (၎င်းတို့၏အစာ) ပိုးကောင်ကလေးထင်မှတ်သည်နှင့် ဝီခနဲမြည်ကာ ထပျံလာပြီးလျှင် ဖယောင်းလုံးကလေးကို ကိုက်ဖမ်းလိုက်၏။ ၎င်း၏သွားများသည် ဖယောင်းလုံးတွင် ပြန်နုတ်ရန်မဖြစ်နိုင်ဘဲရှိရကား ကျွန်ုပ်တို့သည် ပုစဉ်းကောင်ကို အလွယ်တကူဖမ်းယူနိုင်သည်။ (ဥရောပတိုက်သားများ ငါးမျှားခြင်းအလုပ်ဖြင့် အပျင်းဖြေကြသည်ဟု ကျွန်ုပ်ဖတ်ရသောအခါ ငါတို့ပုစဉ်းဖမ်းခြင်းမျှလောက် ပျော်ပါလေစဟု အောက်မေ့မိသည်။ သူတို့သည် ရေအောက်၌ရှိသော ငါးကောင်ကိုမမြင်ရဘဲ ငါးစာဖြင့် မျှားကြရခြင်းဖြစ်ရာ ကျွန်ုပ်တို့ကား ပုစဉ်းကောင်ကို အထင်အရှားမြင်နိုင်၏။ တချို့ပုစဉ်းသည် ရုတ်တရက်ကိုက်ဖမ်းခြင်းမပြုနိုင်သေးဘဲ သူ၏ဦးခေါင်းတွင်တည်ရှိသော မျက်လုံးများကို 'ကလယ် ကလယ်' မသင်္ကာသောအမူအရာဖြင့် စူးစမ်းဆင်ခြင်နေသည်တွင် မြင်းမြီးဖျား၌ရှိသော ဖယောင်းလုံးကလေးကို ပိုးကောင်နှင့်တူအောင် လှုပ်ပေးရသည်များမှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ တစ်ခါတစ်ရံတွင် ပုစဉ်းကောင်သည် ဖယောင်းလုံးကလေးကို ကိုက်ဖမ်းတော့မည်လုပ်ပြီးမှ ရစ်ပတ်ပျံသန်းကာကြည့်၍ 'နင်တို့လောက်များ ပါးလို့ဟယ်'ဟု ဆိုသည့်သဘောနှင့် ဝီခနဲမြည်ကာ ပြန်ပြေးသွားလေတော့၏။) ကျွန်ုပ်တို့သည် မိထားသည့် ပုစဉ်းများကို ဘာမျှမလုပ်တတ်။ အင်္ကျီအိတ်ထောင်ထဲတွင် လက်ကိုင်ပဝါဖြင့်ဖိထား၍ အိမ်အနီးသို့ရောက်သောအခါ လွှတ်ပစ်ခဲ့ကြလေသည်။ ဤထက်ဆိုးသော အလေ့အကျင့်မျိုးလည်းရှိသေး၏။

### ရွှေတချောင်း၏ ဖြားယောင်းမှု

ကျွန်ုပ်တို့ ညီအစ်ကိုနှစ်ယောက်သည် ရန်နှင်တံခါးမှ ကျောင်းသို့ထွက်လာကြရာတွင် ရှေးဦးစွာ ရွှေတချောင်းကိုဖြတ်ကျော်သည့် အမြောက်တန်းတံတားသို့ ရောက်ကြ၏။ ထိုနေရာမှစ၍ ဒက္ခိဏဝံတိုက်ဘက်သို့ ချိုးဝင်ရသည့်ဆိုင်းတန်းတံတားသို့မရောက်မီ ရေဆိပ်ပေါင်းတစ်ဒါဇင်ခန့်ရှိရာ ဝိဇယမင်းသား၏ နောက်ပါတပည့်များအား ဘီလူးမများက အာရုံအမျိုးမျိုးတို့ဖြင့် ဖြားယောင်းသွေးဆောင်ကြသည်ဆိုသကဲ့သို့ ရေဆိပ်များကလည်း ကျွန်ုပ်တို့အား နည်းအမျိုးမျိုးတို့ဖြင့် ဖြားယောင်းသွေးဆောင်လေတော့သည်။ ထိုခေတ်က ရွှေတချောင်းမှာ ယခုကဲ့သို့ ရေဆိုးမြောင်းမဟုတ်၊ မတ္တရာအထက်မှ စီးဆင်းလာခဲ့၍ လွန်တောင်း၊ ဝါးရင်းတုတ်၊ တောင်ပြုန်း၊ သရက်ကန်၊ ကန်ပိုင် စသောရွာများကိုဖြတ်ကျော်ပြီးလျှင် အိုးဘိုကိုကျော်၍ မန္တလေးမြို့ထဲသို့ ဝင်လာသည့် ရေရှင်ချောင်းဖြစ်သောကြောင့် အတော်ကြည်လင်၍ တသွင်သွင်စီးလျက်ရှိ၏။ ရေကိုမြင်ရလျှင် (သေတော့မှသေရော့) ပြေးဆင်း၍ ခုန်ပေါက်ယက်ကူးချင်တတ်သော ကျောင်းသားအရွယ် ကျွန်ုပ်တို့ညီအစ်ကိုနှစ်ယောက်မှာ ရေဆိပ်တိုင်း၌ တခြားလူငယ်ကလေးများ ပျော်ရွှင်စွာရေချိုးကြခြင်းကို မြင်ရခြင်း၊ တဗွမ်းဗွမ်းကူးယက်ကြသော ရေသံနှင့် မြူးထူးအော်ဟစ်ကြသော သူငယ်သံများကို ကြားရခြင်း၊ မှော်ပင်ကလေးများ မျောလျက်ရှိသော ရေမှုရနံ့တစ်မျိုးကို ရှူရှိုက်ရခြင်း၊ ရေ၏အေးမြသောအတွေ့ကို စိတ်ကူးဖြင့် လွမ်းရခြင်းတည်းဟူသော အာရုံအမျိုးမျိုးတို့၏သွေးဆောင်မှုကြောင့် ရေဆိပ်တစ်ခုနှစ်ခုတွင် ကျိတ်၍ခံနိုင်ကြသော်လည်း တတိယ၊ စတုတ္ထ စသည့်ရေဆိပ်များသို့ ရောက်ရာတွင်မူကား တစ်ယောက်၏မျက်နှာကို တစ်ယောက်ကြည့်နေကြလေပြီ။ ဤအတောအတွင်း အတူတကွရေချိုးနေကျဖြစ်သည့် လူကလေးများက 'ဟေ့ကောင်တွေ လာကြလေကွာ၊ အစောကြီး ရှိပါသေးတယ်'ဟု ဟစ်ခေါ်လိုက်ကြသောအခါတွင်မူကား ကျွန်ုပ်တို့နှစ်ယောက်သည် စာအုပ်ကလေးများကို ပစ်ချ၊ အဝတ်ကိုချွတ်၍ ပုံပြီးလျှင် ရေထဲသို့ ဒိုင်ဗင်ထိုးဆင်းလိုက်ကြလေတော့သည်။

### စိန်ဗေဒါ၏ လက်သံလို

ကျွန်ုပ်တို့၏ မူလကြံရွယ်ချက်မှာ ခဏတစ်ဖြုတ်ရေချိုးပြီးနောက် ကျောင်းချိန်မီအောင် တက်ကြရန်ဖြစ်၏။ တစ်ခါတစ်ရံလည်း ကျောင်းတက်မီ၍ တစ်ခါတစ်ရံလည်း ကျောင်းတက်နောက်ကျတတ်သဖြင့် အရိုက်ခံကြရ၏။ ထို့နောက်၌မူ အပျော်ကြူး၍ ကျောင်းချိန်လွန်သွားသောအခါများတွင် အရိုက်ခံရမည်ကို ကြောက်သည်နှင့်ကျောင်းမတက်ဘဲ ကျောင်းပြေးဖို့ သဘောတူ ဆုံးဖြတ်လိုက်ကြလေ၏။ တစ်ခါတစ်ရံတွင်လည်း အိမ်၌လုပ်ရန် ပေးလိုက်သည့်အလုပ်(homework)ကို မလုပ်ခဲ့မိကြသဖြင့် အရိုက်ခံရမည်ဟုသိသည်နှင့် ရေဆိပ်မှ တမင်မတက်ဘဲ ကျောင်းပြေးလိုက်ကြ၏။ နောက်တစ်နေ့တွင် နေမကောင်းသောကြောင့်ဟု လိမ်၍ပြောခြင်းအားဖြင့် အရိုက်လွတ်အောင်ကြိုးစားကြ၏။ သို့ရာတွင် ကျွန်ုပ်၏ပညာရေးအတွက် မည်သည့်မိဘနှင့်မျှမတူအောင် ဂရုစိုက်သော ကျွန်ုပ်၏ဖခင်သည် ကျောင်းသို့ ရံဖန်ရံခါဝင်လာ၍ ယမန်နေ့က ကျွန်ုပ်တို့ကျောင်းမတက်ခြင်းနှင့် ဆုံစည်းသည့်အခါ ကျွန်ုပ်တို့၏ အလိမ်ပေါ်၍ 'နှစ်ထပ်ကွမ်း' အရိုက်ခံကြရ၏။ ဆရာတော်သည် ကျောင်းပြေးသောကျောင်းသားအား ကြမ်းပြင်ပေါ်တွင် အလျားမှောက်စေ၍ ခြေလက်များကို ကျောင်းသားလေးယောက်တို့က တစ်ဖက်စီကိုင်ထားစဉ် ကြိမ်လုံးဖြင့် ၁၀ ချက်တိတိရိုက်လေ့ရှိ၏။ ကျွန်ုပ်တို့အရိုက်ခံရခြင်းကို ဖခင်မြင်ရသော်လည်း မကျေနပ်သေးသဖြင့် အိမ်သို့ရောက်သောအခါ ထပ်၍ရိုက်သေး၏။ ဖခင်၏လက်မှာ အသက်ကြီးပြီဖြစ်သော ဆရာတော်၏လက်ထက် ပြင်းသောကြောင့် နှစ်ဆသုံးဆပို၍နာ၏။ တစ်ခါက ကျွန်ုပ်အား ဖခင်ရိုက်၍ မောင်ပုအား သူ့အဖေ (မိခင်၏မောင်) က ရိုက်လေရာ သမီးယောက်ဖနှစ်ယောက်သည် ကိုယ့်သားကို ကိုယ်ရိုက်ကြရာတွင် တစ်ယောက်နှင့်တစ်ယောက် သူ့ထက်ငါနာအောင် လက်စွမ်းပြကြသည့်လက္ခဏာနှင့် ဖခင်က ကျွန်ုပ်၏လက်မောင်းကို ဆေးပြင်းလိပ်မီးနှင့်ထိုးဆဲတွင် ဦးကြီးက မောင်ပု၏ငယ်ထိပ်ကို ပိန်းတန်းဖိနပ်ဖြင့် ခုတ်လိုက်သည်နှင့် သွေးများဖြာဆင်း၍လာတော့သည်။ မောင်ပုမှာလည်း ကျွန်ုပ်၏မေးစေ့အမာရွတ်ကဲ့သို့ ထိပ်လယ်တည့်တည့်တွင် သုံးလက်မခန့်ရှိသော အမာရွတ်ကြီးတစ်ခု သေရာပါသွားရှာသည်။ ကျွန်ုပ်၏ဖခင်မှာ တခြားသောဖခင်များထက် အရိုက်သန်သည်မှန်သော်လည်း ပညာလိုလားခြင်းနှင့် ကျွန်ုပ်၏မိုက်မဲခြင်းကို ကျွန်ုပ်နားလည်သည်ဖြစ်သောကြောင့် အထက်ပါရိုက်ခြင်းမျိုးအတွက် စိတ်ထဲ၌ မည်သို့မျှမရှိခဲ့ပါ။ သို့ရာတွင် ကျွန်ုပ်၏စိတ်၌ ထိခိုက်စေသောရိုက်ခြင်းများလည်း ရှိ၍ သက်ဆိုင်ရာနေရာတွင်မှ ဖော်ပြပါမည်။

### ဖခင်နှင့် နင်လားငါလား

ကျွန်ုပ်အား အင်္ဂလိပ်စာသင်ပြသည့် ဦးတိလောကမှာလည်း ကျွန်ုပ်၏ဖခင်နှင့် 'နင်လား ငါလား' ဆိုရလောက်အောင် အရိုက်သန်လှသော ဆရာတော်တစ်ပါးဖြစ်၏။ ကျွန်ုပ်သည် ရံဖန်ရံခါကျောင်းပြေးတတ်သည့် အထဲမှာပင် အတန်းထဲ၌ ကျောင်းသား ၁၀ ယောက်ရှိသည့်အနက် ဒုတိယသော်လည်းကောင်း၊ တတိယသော်လည်းကောင်း လိုက်နိုင်ခဲ့သူဖြစ်၏။ ကျက်ရန်ပေးလိုက်သောစာကို နေ့တိုင်းစစ်၍ တစ်လုံးမရလျှင် ကြိမ်လုံးဖြင့် တစ်ချက်ရိုက်လေ့ရှိရာ ကျွန်ုပ်ပင် တစ်နေ့လျှင် အနည်းဆုံးသုံးလေးချက်အရိုက်ခံရ၍ ညံ့ဖျင်းသောကျောင်းသားများမူကား တစ်နေ့တွင် ဆယ်ချက်မက အရိုက်ခံကြရ၏။ တစ်နေ့ပတ်လုံး အရိုက်လွတ်သော ကျောင်းသားဟူ၍ကား တစ်ယောက်မျှမရှိခဲ့ချေ။ နေ့စဉ်တက်သော စာကိုသာမက စာဟောင်းများကိုလည်း ရက်သတ္တပတ်လျှင် တစ်ကြိမ် (အဖိတ်နေ့တိုင်း) ပြန်လည်စစ်ဆေးလေ့ရှိရာ ထိုနေ့အတွက်မှာမူကား ကြိမ်နှစ်လုံး သုံးလုံးဖြန်းဖြန်းကွဲရသည်ချည်းဖြစ်လေသည်။ သို့နှင့်လည်း ကျွန်ုပ်တို့ကျောင်းသားများသည် ဦးပဉ္စင်းအကြောင်းကို တစ်ခွန်းမျှ မကောင်းပြောခြင်းမကြားရ၊ ဆရာက တပည့်အားရိုက်ခြင်းသည် ထုံးစံဖြစ်သည်ဟုလက်ခံကြ၍ ဆရာအပေါ်တွင် ချစ်ကြောက်ရိုသေစိတ်ရှိကြသည်ချည်း ကြုံခဲ့ရလေသည်။ တစ်ခါက ဦးပဉ္စင်းမကျန်းမာရှိသည်တွင် (စာသင်မှုရပ်နားခွင့်ရရှိ၍ ကျောင်းသားများ ထုံးစံအတိုင်း ဝမ်းသာကြသည့်အထဲမှပင်) ဦးပဉ္စင်း၏ကျန်းမာရေးအတွက် မိဘသဖွယ်စိုးရိမ်ပူပန်ကြခြင်းကိုလည်း ကြုံရဖူးသည်။ **ဆက်လက်ဖော်ပြပါမည်။**

---

## မိုးနဲမြို့နယ်၌ ဆီထွက်သီးနှံ ဆောင်းနေကြာရိတ်သိမ်းခြွေလှေ့နေမှု ကွင်းဆင်းစစ်ဆေး



မိုးနဲ ဇန်နဝါရီ ၉

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ် ဆိုက်ဖယ်ရွာသစ်၌ တောင်သူ ဦးကျော်လတ်စိုက်ပျိုးထားသော ဆီထွက်သီးနှံ ဆောင်းနေကြာမျိုးစေ့ထုတ်စံပြစိုက်ခင်း သုံးဧကတွင် ရိတ်သိမ်းခြွေလှေ့နေမှုကို ဇန်နဝါရီလ ၉ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

အဆိုပါစံကွက်ရိတ်သိမ်းရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မော်ဦး၊ မြို့နယ်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနဦးစီးမှူးဦးထွန်းဝင်း၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအာကာဖြိုး၊ မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ဦးစိုင်းအောင်သင်းနှင့် တာဝန်ရှိသူများက နေကြာရိတ်သိမ်းခြွေလှေ့နေမှုကို ကြည့်ရှုခဲ့ကြပြီး သီးနှံများ အမိုးအကာအောက်သို့ အချိန်မီရောက်ရှိရေး မှာကြားခဲ့ကြောင်း သိရသည်။

မိုးနဲမြို့နယ်အနေဖြင့် ယခုနှစ်တွင် ဆီထွက်သီးနှံ ဆောင်းနေကြာ ၁၂ ဧကကျော် စိုက်ပျိုးထားကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာ

(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)

**⁂ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးကို နိုင်ငံသူ နိုင်ငံသားများအားလုံးက အစိုးရ၊ တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလို . . .**

**⁂ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးကိုဖော်ဆောင်ရာတွင် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းဖြင့်သာ အောင်မြင်မှုရရှိနိုင်မည်ဖြစ် . . .**

**⁂ တိုင်းရင်းသားပြည်သူများအားလုံး စည်းလုံးညီညွတ်သောစုပေါင်းအားဖြင့် နိုင်ငံအကျိုးကို တက်ညီလက်ညီဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းလို . . .**

**ချစ်ကြည်လေးစားရပါသော ကချင်ပြည်နယ်အတွင်းရှိ မိဘပြည်သူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

ယနေ့ကျရောက်သည့် (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့၏ ထူးမြတ်သည့်အခါသမယတွင် ကချင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် မိဘပြည်သူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် နိုင်ငံတစ်ဝန်းလုံးတွင်ရှိကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး ကောင်းကျိုးလိုရာဆန္ဒများ ပြည့်စုံကြပါစေကြောင်း ချစ်ကြည်ရင်းနှီးစွာ ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ရှေးနှစ်ပေါင်းများစွာကပင် စည်းလုံးညီညွတ်စွာ အတူတကွ အေးအတူပူအမျှနေထိုင်လာခဲ့သော မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စုအားလုံးတို့သည် တစ်မြေတည်းနေ တစ်ရေတည်းသောက် ဥမကွဲသိုက်မပျက် နေထိုင်လာခဲ့ကြသည်မှာ ယနေ့ထက်တိုင်ဖြစ်ပါသည်။

တိုင်းရင်းသားမျိုးနွယ်စုများအလိုက် စုစည်းနေထိုင်ရင်း ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံဟူ၍ ထည်ဝါစွာရပ်တည်နေထိုင်ခဲ့ကြပါသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ကချင်ပြည်နယ်ကောင်စီညီလာခံ၏ ပထမဆုံးညီလာခံ၊ ပထမဆုံးအစည်းအဝေး၌ ကချင်ပြည်နယ်အစိုးရအဖွဲ့ ဖွဲ့စည်းခဲ့သည်ကို ဂုဏ်ပြုသည့်အနေဖြင့် ဇန်နဝါရီလ (၁၀) ရက်နေ့ကို **"ကချင်ပြည်နယ်နေ့"** အဖြစ်သတ်မှတ်၍ နှစ်စဉ်ကျင်းပခဲ့ရာ ယနေ့ဆိုလျှင် (၇၇)နှစ်မြောက်ခဲ့ပြီ ဖြစ်ပါသည်။

ကချင်ပြည်နယ်သည် တန်ဖိုးမဖြတ်နိုင်သော သဘာဝအရင်းအမြစ်များထွက်ရှိရာ ပြည်နယ်တစ်ခုဖြစ်သည့်အပြင် အဖိုးတန်ရတနာများ ပေါကြွယ်ဝစွာထွက်ရှိခြင်း၊ တောတောင်ရေမြေ သဘာဝကောင်းများကြောင့် သီးနှံများစိုက်ပျိုးဖြစ်ထွန်းသည့် ရေခံမြေခံကောင်းများရှိခြင်းနှင့် မြန်မာနိုင်ငံ၏ အလှပဆုံးသော ဧရာဝတီမြစ်ကြီး စတင်စီးဆင်းရာနေရာဖြစ်ခြင်းတို့ကလည်း ပြည်နယ်၏ ထူးခြားသောအလှတရားကို ဖော်ပြလျက်ရှိပါသည်။ တစ်နှစ်ပတ်လုံး ဆီးနှင်းများ ဖုံးအုပ်လျက်ရှိသည့် ရေခဲတောင်များ၏လှပမှုနှင့် အင်းတော်ကြီးအိုင်၊ မြစ်ဆုံတို့၏ သာယာလှပမှုတို့ကလည်း ပြည်နယ်၏ထင်ရှားသောသဘာဝအလှအပများပင် ဖြစ်ပါသည်။

ထိုကဲ့သို့သော ထူးခြားလှပသည့် သဘာဝအလှအပများနှင့်အတူ ပြည်နယ်အတွင်း ဂျိန်းဖော့၊ လာချိဒ်၊ လော်ဝေါ်၊ လီဆူ၊ ရဝမ်၊ ဇိုင်ဝါး စသည့် ကချင်မျိုးနွယ်စုများနှင့်အတူ တိုင်းလုံ၊ တိုင်းလိုင်၊ တိုင်းခမ်းတီ၊ တိုင်းဆာ၊ တိုင်းလေ စသည့် ရှမ်းမျိုးနွယ်စုများ၊ ဗမာတိုင်းရင်းသားများအပြင် အခြားတိုင်းရင်းသားမျိုးနွယ်စုများအပါအဝင် လူဦးရေ ၁၅ သိန်းကျော် အတူတကွ ချစ်ကြည်ရင်းနှီးစွာဖြင့် နေထိုင်လျက်ရှိသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။

ကချင်ပြည်နယ်နေ့နှင့်အတူ ကချင်ရိုးရာ မနောပွဲတော်ကြီးသည်လည်း ခွဲခြားမရနိုင်သော အမှတ်သင်္ကေတတစ်ခုဖြစ်ပါသည်။ မနောပွဲတော်တွင် ကချင်တိုင်းရင်းသားမျိုးနွယ်စုများ၏ ယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံများ၊ ရိုးရာအကအလှများကို တည်ငြိမ်လှပ ကျက်သရေရှိလှသော တိုင်းရင်းသားဝတ်စုံများဖြင့် စုပေါင်းညီညာစွာကပြသည့် မနောအကသည် ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူလူထုများ၏ စည်းလုံးညီညွတ်မှုကို ဖော်ဆောင်ကာ ပြည်နယ်အေးချမ်းသာယာမှုကို ခိုင်မြဲအောင်တည်ဆောက်ထားနိုင်သော ရိုးရာယဉ်ကျေးမှုတစ်ခုဖြစ်ပါသည်။

ကချင်ပြည်နယ်သည် သဘာဝကဖန်တီးပေးထားသည့် ရေခံ၊ မြေခံနှင့် သဘာဝအရင်းအမြစ်များကို လက်တွေ့အသုံးချ၍ ပြည်နယ်၏ စီးပွားရေးကဏ္ဍ မြင့်တက်လာနိုင်စေရေးဖော်ဆောင်နိုင်မည့် အခြေခံကောင်းများနှင့် ပြည့်စုံလျက်ရှိနေပါသည်။ ဒေသထွက်ကုန်ကြမ်းများမှတစ်ဆင့် ကုန်ချောအဆင့်သို့ရောက်ရှိအောင် ဆောင်ရွက်ခြင်းဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင်ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

ယနေ့အချိန်အခါသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍပေါင်းစုံတွင် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသောကာလဖြစ်ပါသည်။ ထို့အတူ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး၊ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိစေရေးတို့အတွက် ဒို့တာဝန်အရေးသုံးပါးနှင့်အညီ ကာကွယ်စောင့်ရှောက်လျက်ရှိပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအားလုံးအတွက် ငြိမ်းချမ်းသာယာဝပြောသည့်အနာဂတ်ကိုရည်မှန်းလျက် ကောင်းမွန်သည့်ပစ္စုပ္ပန်ကို တည်ဆောက်လျက်ရှိသောကြောင့် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများနှင့်လက်တွဲပြီး အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကချင်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးနှင့် အခြားသောကဏ္ဍများတွင် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးကို ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ သဘာဝသယံဇာတအရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းလျက် မျှတမှန်ကန်စွာ ခွဲဝေအသုံးချနိုင်မည့် စီးပွားရေးမူဘောင်များ ချမှတ်ဆောင်ရွက်ရန်နှင့် စားရေရိက္ခာဖူလုံစေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးတို့ကိုလည်း အလေးထားလုပ်ဆောင်ကြရန်လိုအပ်ပါသည်။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ အောင်မြင်စေရန်အတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် ကုန်ကြမ်းပစ္စည်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် နည်းပညာပိုင်းဆိုင်ရာများကို ဟန်ချက်ညီညီ ပြည့်စုံစွာရရှိရေး ကြိုးပမ်းဆောင်ရွက်ရန်နှင့် ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သော နိုင်ငံရေးရည်မှန်းချက် (၂)ရပ်ဖြစ်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဖော်ဆောင်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပဓာနကျသော နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးကို နိုင်ငံသူ နိုင်ငံသားများအားလုံးက အစိုးရ၊ တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုပါသည်။

ပြည်ထောင်စုကြီးငြိမ်းချမ်းရေးအတွက် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းလျက်ရှိရာ နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ၊ ဘာသာရေးအရ သဘောထားကွဲလွဲမှုများ လျော့နည်းပပျောက်စေပြီး ငြိမ်းချမ်းစွာဖြင့် ဒီမိုကရေစီနှင့် လွှတ်တော်လမ်းကြောင်းပေါ်သို့ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။ သို့မှသာ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းနှင့် ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းဖြင့်သာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်ပါသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတော်အတွက် အသက်တမျှ အရေးပါသော အချိန်ကာလဖြစ်သည့်အတွက် တိုင်းရင်းသားညီအစ်ကိုများအကြား ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် တိုင်းရင်းသားပြည်သူများအားလုံး စည်းလုံးညီညွတ်သောစုပေါင်းအားဖြင့် နိုင်ငံအကျိုးကို တက်ညီလက်ညီ ဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းလိုပါသည်။

ယနေ့ နိုင်ငံတော်တွင်ဖြစ်ပေါ်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် အကြမ်းဖက်အဖွဲ့များ၏လုပ်ရပ်များကြောင့် တိုင်းရင်းသားပြည်သူအားလုံးအတွက် လုံခြုံမှုနှင့်တည်ငြိမ်အေးချမ်းမှုကင်းမဲ့ကာ ဆင်းရဲဒုက္ခများစွာ ကြုံတွေ့နေကြရပါသည်။ ထိုကဲ့သို့သော ပြည်တွင်းပြည်ပပယောဂများကြောင့်ဆင်ခြင်တွေးတောမှုကင်းမဲ့ကာ နိုင်ငံနှင့်လူမျိုးအကျိုးကိုဖျက်ဆီးနေကြသည့် လုပ်ရပ်များကိုရပ်တန့်စေပြီး မိမိတို့တိုင်းရင်းသားမျိုးနွယ်စုအားလုံးနှင့် ဗလငါးတန်ပြည့်ဝသည့် လူငယ်များအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက် ငြိမ်းချမ်းသာယာသော ပြည်ထောင်စုကြီးကို လက်တွဲညီညီ စည်းလုံးညီညွတ်စွာ တည်ဆောက်သွားကြရန် တိုက်တွန်းမှာကြားလိုပါသည်။

နိဂုံးချုပ်အနေဖြင့် ကချင်ပြည်နယ်မှ မိဘပြည်သူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့်အတူ နိုင်ငံနှင့်လူမျိုးကိုချစ်မြတ်နိုးပြီး အမျိုးသားရေးစိတ်ဓာတ်မြင့်မားသည့် တိုင်းရင်းသားပြည်သူများက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ထာဝရငြိမ်းချမ်းရေး၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဘဝမြင့်မားရေး၊ ပြည်ထောင်စုတစ်ဝန်း အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ငြိမ်းချမ်းရေးအခြေခံအုတ်မြစ်တည်ဆောက်ရာတွင် မိမိတို့ကျရာကဏ္ဍအလိုက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းပါဝင်ကြိုးပမ်းတည်ဆောက်သွားကြရန် အလေးအနက်ထားတိုက်တွန်းရင်း (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့သို့ ဤဂုဏ်ပြုသဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

❒ **ကျောဖုံးမှအဆက်**

ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့်ဒေါက်တာကံဇော်နှင့် ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ ဟန္နိုင်းမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံသံအမတ်ကြီး H.E. Mr. Uladzimir BARAVIKOU ၊ ဘယ်လာရုစ်နိုင်ငံ စက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဆိုင်ရာဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ သံတမန်ဆက်ဆံရေးနှင့် ကုန်သွယ်မှုများ မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ပညာရေးကဏ္ဍ၊စိုက်ပျိုးရေးကဏ္ဍ၊မွေးမြူရေးကဏ္ဍ၊ဆေးဝါးကဏ္ဍ၊စက်မှုကဏ္ဍများနှင့် ခရီးသွားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေးနှင့် အခြားနယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ရေးကိစ္စရပ်များ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာပညာတော်သင်များ စေလွှတ်နိုင်ရေးကိစ္စရပ်များ၊ ကာကွယ်ရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုအခြေအနေများ၊ လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး အတတ်နိုင်ဆုံး ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများအပြန်အလှန်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် မနောပွဲအား ရိုးရာအစဉ်အလာနှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ပြည်ထောင်စုဝန်ကြီးများ စုပေါင်းဆင်နွဲ၊ ရောဝတီရှုခင်းသာအပန်းဖြေစခန်းနှင့် ယဉ်ကျေးမှုပြတိုက်(မြစ်ကြီးနား) အဆောက်အအုံသစ်ဖွင့်လှစ်ပေး



မြစ်ကြီးနား ဇန်နဝါရီ ၉

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်တွင် ကျရောက်မည့် (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် မြစ်ကြီးနားမြို့ ရောဝတီရှုခင်းသာအပန်းဖြေစခန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် အဆိုပါစခန်းနေရာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့်ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမောင်မောင်အုန်း၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးဉာဏ်ထွန်း၊ Jeng Phang နော်တောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်ထွေး၊ ဒုတိယဝန်ကြီးဒေါ်နုမြဖံနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာပြည်နယ်ဝန်ကြီးချုပ်ဦးခက်ထိန်နန်က ရောဝတီရှုခင်းသာအပန်းဖြေစခန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု အခြေအနေနှင့်ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကိုရှင်းလင်းတင်ပြပြီး မုခ်ဦးကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အပန်းဖြေစခန်းအတွင်းရှိ ကျောက်လုံးရင်ပြင်၊ ရိုးရာတဲအိမ်အဆောက်အအုံများ၊ ဝါးတံတား၊ ပန်းခင်းများဖြင့် ပုံဖော်ဆောင်ရွက်ထားရှိမှု၊ ကျန်းမာရေးလေ့ကျင့်ခန်းစုပေါင်းဆောင်ရွက်နေမှုနှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူလေးများ၏ ရိုးရာတေးသီချင်း သရုပ်ဖော်အကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြကာ ချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ကြသည်။ ဆက်လက်၍ စီတာပူ မနောကွင်းအတွင်း (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူလေးများ၏တေးသရုပ်ဖော်အကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အဖွဲ့ဝင်များသည် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပပြုလုပ်သည့် (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် မနောပွဲဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ကြပြီး မနောပွဲတော်အခမ်းအနားကို ရိုးရာအစဉ်အလာနှင့်အညီ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်တကွ ၎င်းတို့၏ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ငြိမ်းချမ်းရေးအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကချင်ပြည်နယ်အတွင်းရှိ ကချင်မျိုးနွယ်စု (၆)မျိုး၊ ရှမ်းမျိုးနွယ်စု (၅)မျိုးနှင့် ဗမာတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ဌာနဆိုင်ရာအသီးသီးမှဝန်ထမ်းများ၊ ပညာရေးကောလိပ်၊ သူနာပြုသင်တန်းကျောင်းများမှ သင်တန်းသား၊ သင်တန်းသူများ၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းများမှကျောင်းသား၊ကျောင်းသူများက မနောအကဦးဆောင်သူ နောင်ရှောင် (Nau Shawng)များ၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသားအားလုံးတို့၏ စည်းလုံးညီညွတ်ခြင်းကို ထုတ်ဖော်ပြသသည့် မနောအကကို ရိုးရာအစဉ်အလာနှင့်အညီ တပျော်တပါး စုပေါင်းဆင်နွှဲကြသည်။

ယင်းနောက် (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ပြသထားသည့် ဒေသထွက် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များ၊ အသုံးအဆောင်နှင့် အသင့်စား စားသောက်ကုန်ပစ္စည်းများ၊ ရိုးရာအဝတ်အထည်ထုတ်ကုန်များ၊ ဝါးနှင့်ကြိမ်ထည် အသုံးအဆောင်ပစ္စည်းထုတ်ကုန်ပြခန်း၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်းနှင့်ပညာရေးပြခန်းတို့ကို စိတ်ဝင်တစားလှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပြပွဲပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပပြုလုပ်ရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့ဝင်များက ဟင်းရွက်ပြိုင်ပွဲ၊ အသီးနှင့်အသီးပါ အပင်ပြိုင်ပွဲ၊ ဥယျာဉ်ခြံသီးနှံပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသည့် တောင်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် မြစ်ကြီးနားမြို့ ရောရပ်ကွက်ရှိ ကချင်ပြည်နယ် ယဉ်ကျေးမှုပြတိုက် အဆောင်သစ် ပထမအဆင့် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ ပြတိုက်အဆောက်အအုံသစ်ကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမောင်မောင်အုန်း၊ Jeng Phang နော်တောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ဒုတိယဝန်ကြီးဒေါ်နုမြဖံတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ပြတိုက်အဆောက်အအုံသစ် တိုးချဲ့တည်ဆောက်ခြင်းနှင့် ပြခန်း၊ ပြကွက်များ ထည့်သွင်းဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း၊ ဒုတိယဝန်ကြီးနှင့် ပြည်နယ်ဦးစီးမှူးတို့က ပြတိုက်ပထမအဆင့်တွင် ခင်းကျင်းပြသထားသည့် ကချင်ပြည်နယ်မိတ်ဆက်ပြခန်း၊ Digital Museum ပြကွက်များကိုလည်းကောင်း ရှင်းလင်းပြသပြီး ပြတိုက်အတွင်းလှည့်လည်ကြည့်ရှုကြသည်။

အဆိုပါယဉ်ကျေးမှုပြတိုက် တိုးချဲ့အဆောက်အအုံသစ်သည် အလျားပေ ၆၀၊ အနံပေ ၁၂၀၊ အမြင့် ၃၂ ပေရှိ RC ၂ ထပ်အဆောက်အအုံဖြစ်ပြီး ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကျပ် ၉၉၄ ဒသမ ၈၈၀ သန်းဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာနက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယမန်နေ့ မွန်းလွဲပိုင်းက (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ တက်ရောက်ရန် မြစ်ကြီးနားမြို့သို့ရောက်ရှိလာကြသည့် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့်ဌာနဆိုင်ရာအကြီးအကဲများသည် မြစ်ကြီးနားလေဆိပ်သို့ရောက်ရှိခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များကရင်းနှီးပျူငှာစွာ ကြိုဆိုခဲ့ကြသည်။

ထို့နောက် လေဆိပ်ဧည့်ခန်းမဆောင်၌ ပြည်နယ်ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့ဝင်များအား ကချင်ရိုးရာအင်္ကျီ၊ ရိုးရာဆောင်ဓား၊ ရိုးရာလွယ်အိတ်နှင့်ခေါင်းပေါင်းတို့ကို ဂါရဝပြုပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



ပြည်နယ်(ပြန်/ဆက်)

# သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဒီပလိုမာ(ဗုဒ္ဓဓမ္မ)သင်တန်း ဝင်ခွင့်စာမေးပွဲများ စတင်ကျင်းပ



ရန်ကုန် ဇန်နဝါရီ ၉

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဒီပလိုမာ(ဗုဒ္ဓဓမ္မ)သင်တန်း ဝင်ခွင့်ရေးဖြေစာမေးပွဲကို ယနေ့နံနက် ၉ နာရီတွင် တက္ကသိုလ်ရှိစာသင်ခန်းမအသီးသီး၌စတင်ကျင်းပရာ ပြည်တွင်း၊ ပြည်ပမှ ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ် စုစုပေါင်း ၁၈၄ ပါး/ဦးဝင်ရောက်ဖြေဆိုလျက်ရှိကြပြီး စာမေးပွဲဖြေဆိုနေမှုများကို ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒနှင့် ဒုတိယပါမောက္ခချုပ်(သင်ကြား)ဆရာတော်အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တနာေဓိဉာဏ အမှူးပြုသော သင်ကြားဆရာတော်ကြီးများ၊ ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြသည်။

ဝင်ခွင့်စာမေးပွဲသို့ ပြည်ပ ၁၀ နိုင်ငံမှ ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်များက Virtual Zoom Meeting Online System ဖြင့်လည်းကောင်း၊ ပြည်တွင်းမှရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်များက တက္ကသိုလ်ရှိ စာသင်ခန်းမများ၌လည်းကောင်း ဝင်ရောက်ဖြေဆိုလျက်ရှိကြပြီး ဇန်နဝါရီလ ၁၀ ရက်တွင် လူတွေ့နှုတ်ဖြေစာမေးပွဲကို ဆက်လက်ဖြေဆိုကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြစ်ကြီးနားမြို့ လူထုအခြေပြုဗဟိုဌာန၌ ဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ အရာထမ်း / အမှုထမ်းများနှင့် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းတွေ့ဆုံ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံလုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး

မြစ်ကြီးနား ဇန်နဝါရီ ၉

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မြစ်ကြီးနားမြို့၌ ဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ အရာထမ်း / အမှုထမ်းများနှင့် ယနေ့မွန်းလွဲပိုင်းတွင် မြစ်ကြီးနားလူထုအခြေပြုဗဟိုဌာန(Community Centre)၌ တွေ့ဆုံသည်။

ရှေးဦးစွာ မြစ်ကြီးနားလူထုအခြေပြုဗဟိုဌာန (Community Centre)ရှိ ဌာနေတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အသုံးအဆောင်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှု၊ ကလေးစာဖတ်ခန်းအတွင်း ကလေးဖတ်စာအုပ်/စာစောင်များ စုဆောင်းပြသ၊ ငှားရမ်းနိုင်မှု၊ ဒုတိယထပ်ရှိ ပြည်သူ့စာကြည့်တိုက်အတွင်း သုတ/ ရသစာအုပ်စာစောင်များ စင်ဖွင့်စနစ်ဖြင့် စာငှားဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးနိုင်မှု၊ စာအုပ်/ စာစောင်များ ဝယ်ယူလက်ခံရရှိမှု၊ တတိယထပ်ရှိ ဘက်စုံသုံးခန်းမ၌ ဒေသခံများအတွက် သင်တန်းများဖွင့်လှစ်သင်ကြားနိုင်မှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စာငှားဝန်ဆောင်မှုလုပ်ငန်းများ စနစ်တကျဖြစ်စေရေးနှင့် ပြည်သူများ အသိပညာကျယ်ကျယ်ပြန့်ပြန့်ရရှိနိုင်ရေးနည်းလမ်းများ ရှာဖွေဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် အစည်းအဝေးခန်းမ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့ရုံးများမှ အရာထမ်း/ အမှုထမ်းများ၊ ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား) မှ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် နိုင်ငံတော်အပေါ် သစ္စာစောင့်သိပြီး ဝန်ထမ်းအချင်းချင်းစည်းလုံးညီညွတ်စွာ ရိုင်းပင်းကူညီကြရမည်ဖြစ်ကြောင်း၊ မီဒီယာ၏ သဘောသဘာဝကိုနားလည်ပြီး မိမိကိုယ်တိုင်က သတင်းမှန်ကိုသိရှိရန် လိုအပ်ကြောင်း၊ သတင်းမှန်များ ပြည်သူသို့ မှန်မှန်နှင့်မြန်မြန်ချပြနိုင်ရန် အတတ်နိုင်ဆုံးကြိုးစားကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဝန်ထမ်းများ၏ နေထိုင်စားသောက်မှုဆိုင်ရာ အခက်အခဲများ၊ လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးကာ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထိုမှတစ်ဆင့် မြစ်ကြီးနားမြို့ ဧရာရပ်ကွက်ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ(မြစ်ကြီးနား) ၌ စက်ရုံဝင်းအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရေဒီယိုအစီအစဉ်နှင့် ရုပ်မြင်သံကြားအစီအစဉ်များ ထပ်ဆင့်ထုတ်လွှင့်လျက်ရှိသည့် အခြေအနေ၊ ပြည်နယ်အတွင်း ရုပ်မြင်သံကြားနှင့် ရေဒီယိုလွှမ်းခြုံထုတ်လွှင့်ပေးနိုင်သည့်အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်ရုံဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်များမှ တွဲဖက်တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်ချက်များနှင့် အခက်အခဲများကို မေးမြန်းဆွေးနွေးဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# ကျွမ်းကျင်မှုသင်တန်းများ ဒုတိယဝန်ကြီး ဦးဝင်းရှိန် ကြည့်ရှုအားပေး

ရန်ကုန် ဇန်နဝါရီ ၉

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ရန်ကုန်တိုင်းဒေသကြီးရှိ အလုပ်သမားရေးရာ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကင်းမြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကင်း)၌ စားသောက်ဆိုင်ဝန်ဆောင်မှုသင်တန်းနှင့် မော်တော်ယာဉ်စက်ပြင်သင်တန်းများ ဖွင့်လှစ်ပို့ချနေမှုကို ကြည့်ရှုအားပေးသည်။

ထိုသို့ကြည့်ရှုစဉ် သင်တန်းကျောင်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူးက ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကင်း)၏ နောက်ခံသမိုင်းအကျဉ်း၊ ခုနှစ်အလိုက်သင်တန်းများ ဖွင့်လှစ်ပေးခဲ့မှုနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျွမ်းကျင်မှုသင်တန်းအကြိမ် ၃၀ ဖွင့်လှစ်၍ သင်တန်းသား ၇၅၀ ဦး မွေးထုတ်ပေးရန် လျာထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးက သင်တန်းဆင်းများနှင့် လုပ်ငန်းခွင်ရှိ ကျွမ်းကျင်လုပ်သားများအနေဖြင့် မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များရယူနိုင်ရေးဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကျွမ်းကျင်မှုသင်တန်းလေ့ကျင့်ရေးသင်တန်းကျောင်းများမှသင်တန်းသားများနှင့်တွေ့ဆုံ၍သင်တန်းသားများအနေဖြင့်သင်ကြားပို့ချပေးသည့် စာပေပညာနှင့် လက်တွေ့သင်ခန်းစာများကို နာယူစိတ်ဖြင့်လေ့လာသင်ယူကြရန်နှင့် ခေတ်နှင့်အညီပြောင်းလဲတိုးတက်နေသည့် နည်းပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

# ဥပဒေအသိပညာ ဆင့်ပွားဖြန့်ဝေခြင်းအခမ်းအနားကျင်းပ



နေပြည်တော် ဇန်နဝါရီ ၉

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများအား ဥပဒေအသိပညာဆင့်ပွားဖြန့်ဝေခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပသည့် ဥပဒေအသိပညာဆင့်ပွားဖြန့်ဝေခြင်းအခမ်းအနားတွင် ပြဋ္ဌာန်းတည်ဆဲဥပဒေများစွာထဲမှ ဝန်ထမ်းများသိသင့်သိထိုက်သည့်ဥပဒေ၊ ဥပဒေ၏အရင်းအမြစ်များ၊ ဥပဒေစနစ်များ၊ ဥပဒေအမျိုးအစားများ၊ ဥပဒေ၊ တစ်ဆင့်ခံဥပဒေ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ တစ်ဆင့်ခံဥပဒေများပြဋ္ဌာန်းနိုင်ခွင့်၊ ၁၉၂၃ ခုနှစ် မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်အက်ဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ ပြည်သူ့ဝန်ထမ်းများအား ဥပဒေအရအကာအကွယ်ပေးခြင်းနှင့် ပြည်သူ့ဝန်ထမ်းက ကျူးလွန်သောပြစ်မှုများကို ထုတ်နုတ်ပို့ချသွားမည်ဖြစ်သည့်အတွက် ဝန်ထမ်းများအနေဖြင့် ဗဟုသုတများစွာရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်အောင်ဆွေက ဥပဒေရေးရာများနှင့်ပတ်သက်၍ အသိပညာပေးဆင့်ပွားဖြန့်ဝေဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊
တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက
တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ဝိတ်ကျစေသောအစားအစာများနှင့် ရှောင်ကြဉ်သင့်သောအစားအစာများ

ဒေါက်တာလွင်သန့်

ခန္ဓာကိုယ်ဝိတ်ကျစေဖို့အတွက် အစားအစာတွေ ရွေးချယ်စားသောက်တတ်ဖို့လိုအပ်ပါတယ်။ အဓိက အရေးကြီးတာက ရေများများသောက်ဖို့၊ အဆီနည်းတဲ့အစားအစာနဲ့ အမျှင်များတဲ့အစားအစာတွေ ရွေးချယ်စားသောက်ဖို့လိုပါတယ်။



### ကွေကာအုတ်(Oatmeal)

ကွေကာအုတ်က မပျော်ဝင်နိုင်တဲ့အမျှင်ဓာတ်များပြားတာကြောင့် မချေဖျက်ရဘဲ အစာခြေလမ်းကြောင်းထဲ ရွေ့လျားနေတတ်ပါတယ်။ ဒါ့ပြင် ပျော်ဝင်နိုင်တဲ့အမျှင်တွေလည်းပါရှိတာကြောင့် သွေးတွင်းသကြားဓာတ်ကိုထိန်းညှိပေးနိုင်တယ်။ ကိုလက်စထရောလျော့ချပြီး ဗိုက်ပြည့်တဲ့ခံစားမှုကို ဖြစ်ပေါ်စေပါတယ်။

### ဆလတ်ရွက်

ဆလတ်ရွက်မှာ ရေဓာတ်များစွာပါဝင်သလို ကယ်လိုရီနည်းတဲ့အစားအစာတစ်မျိုးဖြစ်ပါတယ်။ ဒါ့ပြင် ဗိုက်ပြည့်တဲ့ခံစားမှုလည်းဖြစ်စေတာကြောင့် အစားများများစားချင်စိတ်မဖြစ်ပေါ်နိုင်တော့ပါဘူး။

### တိုဟူး

တိုဟူးနဲ့ ပဲနို့တို့လိုပဲ ပဲပိစပ်ကထုတ်တဲ့အစားအသောက်တွေက ဝိတ်ချရာမှာ ကူညီပေးပါတယ်။ ပဲပိစပ်ကရတဲ့ပရိုတင်းဓာတ်က ဇီဝရုပ်ဖြစ်ပျက်မှုကိုမြန်စေနိုင်တာကြောင့် အစာချေဖျက်မှုမြန်ဆန်ပြီး ကျစ်လျစ်သွယ်လျစေနိုင်ပါတယ်။

### အဆီများတဲ့ငါး

ဆယ်လ်မွန်ငါး၊ ငါးသေတ္တာ၊ တူနာငါးတို့လို အဆီများတဲ့ငါးတွေက Omega-3၊ Fatty Acid ကြွယ်ဝတာကြောင့် သွေးတွင်းသကြားဓာတ်ကိုထိန်းညှိပေးပြီး အဆီကိုချေဖျက်ပေးပါတယ်။

### ကောက်ပဲသီးနှံ

ကောက်ပဲသီးနှံက အာဟာရပြည့်ဝသလို ဝိတ်လည်း လျော့ကျစေနိုင်ပါတယ်။ ဆန်လုံးညို၊ ဘာလီ၊ လူး၊ ဆပ်၊ ပြောင်း စတဲ့ကောက်ပဲသီးနှံတွေက အမျှင်ဓာတ်ကြွယ်ဝသလို အားရှိစေတဲ့ ဗီတာမင် B လည်း ပါဝင်တာကြောင့် အားအင်ပြည့်ဝပြီး သွယ်လျစေပါတယ်။

### ဥအမျိုးမျိုး

ကြက်ဥ၊ ဘဲဥလို ဥအမျိုးမျိုးမှာတွေ့ရတဲ့ လူဆင်း (Leucine) လို့ခေါ်တဲ့ အမိုင်နိုအက်စစ်တွေက ခန္ဓာကိုယ်အဆီကျအောင်ကူညီပေးသလို ကျစ်လျစ်အောင်လည်း လုပ်ဆောင်ပေးပါတယ်။

### ဘယ်ရီသီး

စတော်ဘယ်ရီ၊ ဘလူးဘယ်ရီ စတဲ့ဘယ်ရီသီးတွေမှာ အင်တီအောက်စီးဒင့်ကြွယ်ဝစွာပါဝင်ပါတယ်။ ကျန်းမာရေးနဲ့ညီညွတ်ပြီး ခန္ဓာကိုယ်သွယ်လျစေနိုင်တဲ့အသီးတွေဖြစ်လို့ စားပေးသင့်ပါတယ်။

### မှို

မှိုမှာ ဗီတာမင် B နဲ့ D တို့ ပါဝင်သလို ကယ်လိုရီနည်းတဲ့အစားအစာလည်းဖြစ်ပါတယ်။ အားရှိစေတာကြောင့် အသားအစားထိုးအဖြစ် စားသုံးပေးနိုင်ပါတယ်။

### မီဆော့ဟင်းချို

ဂျပန်ဟင်းချိုဖြစ်ပြီး ပဲပိစပ်နဲ့ပြုလုပ်ထားတာကြောင့် ပရိုတင်းနဲ့အင်တီအောက်စီးဒင့်ကြွယ်ဝပြီး အဆီဓာတ်လျော့နည်းစေပါတယ်။

### ပန်းသီး

အမေရိကန်မှပညာရှင်များရဲ့ လေ့လာချက်တစ်ခုအရ နေ့လယ်စာမစားမီ ၁၅ မိနစ်အလိုမှာ ပန်းသီးတစ်လုံးစားပေးသူက မစားတဲ့သူနဲ့ယှဉ်ရင် ကီလိုဂရမ်ပိုနည်းတာကို တွေ့ရှိရပါတယ်။

### ဂေါ်ဖီထုပ်

ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီတို့က အမျှင်များပြီး ကင်ဆာရောဂါကာကွယ်နိုင်တဲ့အစားအစာတွေဖြစ်ပါတယ်။

### အဆီနည်းတဲ့ဒိန်ချဉ်

ဒိန်ချဉ်မှာပါတဲ့ ကယ်လ်ဆီယမ်ဓာတ်က အဆီစုပ်ယူမှုကိုဖိနှိပ်တဲ့အတွက် အဆီလျော့ကျစေပါတယ်။ ဝိတ်အမြန်ကျချင်သူတွေအတွက် ညနေစာကို အနေတော်အာလူးပြုတ်တစ်လုံးနဲ့ ဒိန်ချဉ်တစ်ခွက်စားသောက်ပေးရုံနဲ့ တစ်ပတ်အတွင်း ငါးပေါင်ခန့် ကျစေနိုင်ပါတယ်။

### ငရုတ်သီး

အစပ်စာတွေက ဇီဝရုပ်ဖြစ်ပျက်မှုမြန်ဆန်စေတာကြောင့် ကယ်လိုရီများများလောင်ကျွမ်းစေနိုင်ပါတယ်။ ငရုတ်သီးမှာပါရှိတဲ့ ကပ်ဆာစင်(Capsaicin) ဓာတ်က အဆီဆဲလ်တွေကြီးထွားမှုကို တားဆီးပေးသလို အဆီတွေကို သူ့အလိုလိုချေဖျက်စေနိုင်ပါတယ်။

### ဖရုံသီး

ဖရုံသီးက ကယ်လိုရီနည်းရုံမျှမက ဗီတာမင် C လည်းကြွယ်ဝတာကြောင့် ဝိတ်ကျစေသလို အဆီကိုလည်း ချေဖျက်ပေးပါတယ်။

### ပဲအမျိုးမျိုး

ပဲနီလေး၊ ပဲဝါလေး၊ ပဲကြီး၊ ကုလားပဲစတဲ့ပဲအမျိုးမျိုးက ကယ်လိုရီနည်းသလို ပရိုတင်းကြွယ်ဝပါတယ်။ (၂၀-၂၅) ရာခိုင်နှုန်းက ပရိုတင်းဖြစ်ပြီး ဂျုံမှာပါတဲ့ ပရိုတင်းရဲ့နှစ်ဆရှိပါတယ်။

ကျန်းမာစွာစားသောက်နေထိုင်လိုသူတွေနဲ့ ခန္ဓာကိုယ်ဝိတ်ကျဖို့လိုအပ်သူတွေအနေနဲ့ ရှောင်ကြဉ်သင့်တဲ့ အစားအစာတွေလည်းရှိပါတယ်။

### အာလူးကြော်အပါအဝင် ဆီကြော်မုန့်များ

ဝိတ်ကျဖို့ကြိုးစားသူတိုင်း အာလူးကြော်လိုမျိုး ဆီနဲ့ကြော်ထားတဲ့အစားအစာတွေက ကယ်လိုရီတက်စေလို့ ရှောင်ကြဉ်ဖို့လိုပါတယ်။ အာလူးကြော်လို အသင့်အမြန်စား အစားအစာတွေက ပြန်ကြော်ဆီနဲ့ပြုလုပ်ထားတာကြောင့် ကယ်လိုရီတက်စေပြီး အဝလွန်စေနိုင်ပါတယ်။

### အချိုလွန်ကဲတဲ့အချိုရည်များ

အချိုလွန်ကဲတဲ့ အချိုရည်တွေနဲ့ ဆော်ဒါတွေကို မစွန့်လွှတ်နိုင်ဘူးဆိုရင်တော့ ဝိတ်ကျဖို့မလွယ်ကူပါဘူး။ သကြားဓာတ်များတာက ကယ်လိုရီပိုတက်စေပြီး အဆီပိုတွေကို လျော့ချမပေးနိုင်တာကြောင့် ခန္ဓာကိုယ်အလေးချိန်တိုးလာနိုင်ပါတယ်။

### ပေါင်မုန့်အဖြူ

ပေါင်မုန့်ညိုစားသုံးခြင်းက ကျန်းမာရေးနဲ့ညီညွတ်တယ်ဆိုပေမယ့် သကြားပါဝင်မှုမြင့်မားတဲ့ပေါင်မုန့်ဖြူဆိုရင်တော့ ခန္ဓာကိုယ်အလေးချိန်တက်လာနိုင်ပါတယ်။ လေ့လာမှုအရ တစ်နေ့ကို ပေါင်မုန့် ၁၂၀ ဂရမ်စားသုံးတဲ့လူဦးရေ ၉၂၆၇ ဦးမှာ ၆၀ ရာခိုင်နှုန်းလောက်က အလေးချိန်တိုးလာခြင်းနဲ့ အဝလွန်ခြင်းတွေဖြစ်တယ်လို့ဆိုပါတယ်။ ဒါကြောင့် ဝိတ်ကျဖို့ကြိုးစားနေချိန်မှာ သကြားပါတဲ့ပေါင်မုန့်နဲ့ ပေါင်မုန့်ဖြူတွေကို ရှောင်သင့်ပါတယ်။

### သစ်သီးဖျော်ရည်

သစ်သီးဖျော်ရည်သောက်တာက ကျန်းမာရေးအတွက် အထူးကောင်းမွန်ပါတယ်။ ဒါပေမဲ့ ဝိတ်ကျဖို့အတွက်ဆိုရင် သကြား၊ နို့ဆီတွေလျှော့ထည့်သင့်တယ်။ ထောပတ်သီးက ဝိတ်ကျဖို့ ကူညီပေမယ့် ပါဝင်တဲ့ သကြားနဲ့နို့ဆီက လူကိုဝစေပါတယ်။ ဒါကြောင့် သစ်သီးဖျော်ရည်သောက်မယ်ဆိုရင် သကြားလျှော့သင့်ပါတယ်။

### ကွတ်ကီး

ကွတ်ကီးနဲ့ကိတ်မုန့်တွေလည်း ရှောင်စားပေးနိုင်ရင် အကောင်းဆုံးဖြစ်ပါတယ်။ ကွတ်ကီးတွေမှာ သကြားနဲ့ပြုပြင်ထားပြီးသား အရသာမှုန့်တွေပါဝင်ပါတယ်။ ဒါတွေက အသွင်ပြောင်းအဆီ(Trans Fat) အစာတွေ ဖြစ်ပါတယ်။ ဗိုက်ဆာတဲ့အခါမှာ ကွတ်ကီးတွေ အများကြီးစားမိမယ်ဆိုရင် ကယ်လိုရီတွေသာများလာပြီး အာဟာရနည်းနည်းပဲရနိုင်တယ်။ အချိုစားမယ်စိတ်ကူးရင်တော့ အမည်းရောင်ချောကလက်နည်းနည်းလောက်ပဲစားပေးသင့်ပါတယ်။

### အိပ်စက်ခြင်း

ဝိတ်ကျချင်တဲ့သူတွေ ညဘက် ငါးနာရီ၊ ခြောက်နာရီသာအိပ်တာမျိုး ရှောင်သင့်ပါတယ်။ အိပ်သင့်သလောက်မအိပ်တာက လူကိုနှိုးစေပြီး အစားစားချင်စိတ်ပိုများစေပါတယ်။ အအိပ်ဆိတ်တာကြောင့် တစ်ဖက်မှာ အိပ်ရေးမဝလို့ နှုံးခွေနေပြီး ပြန်လည်ဖြည့်တင်းဖို့ အစားပိုစားစေတယ်။ ဒါကြောင့် ဝိတ်ချမယ့်သူတွေ အိပ်ရေးပျက်တာ ရှောင်သင့်ပါတယ်။ ထမင်းအနပ်ကြီးသုံးနပ်စားမယ့်အစား နည်းနည်းနဲ့ ငါးကြိမ်၊ ခြောက်ကြိမ်စားပေးတာက အဝလွန်မှု လျော့ကျစေနိုင်ပါတယ်။ နေ့စဉ် (၆-၈) နာရီအပြည့် အိပ်စက်သင့်ပါတယ်။

အချုပ်ဆိုရရင် ဝိတ်ကျဖို့ကြိုးစားနေသူတွေအတွက် အထက်ဖော်ပြပါဆောင်ရန်၊ ရှောင်ရန် အစားအစာတွေ၊ အမူအကျင့်၊ အလေ့အထကောင်းတွေ လိုက်နာကြမယ်ဆိုရင် မိမိလိုချင်တဲ့ခန္ဓာကိုယ်အလေးချိန်ရရှိလာမှာဖြစ်ပါတယ်။ အဓိကအရေးကြီးတာက ရေများများသောက်ဖို့၊ အဆီနည်းပြီး အမျှင်များတဲ့အစားအစာကို ရွေးချယ်စားသောက်ဖို့လိုပါတယ်။ ဒါမှသာ ဗိုက်ပြည့်ပြီး အဆီတွေ လျော့ကျစေမှာဖြစ်ပါတယ်။ နေ့စဉ် နာရီဝက်၊ တစ်နာရီကြာ အပြေး၊ ရွှေ့ပြေး၊ လမ်းလျှောက်၊ စက်ဘီးစီး၊ ရေကူးတစ်ခုခုပြုလုပ်သင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

## ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲကျင်းပ




ကျိုက်မရော ဇန်နဝါရီ ၉

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် မယ်ကရိုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၉ ရက်တွင် အဆိုပါကျောင်း၌ ကျင်းပကြောင်း သိရသည်။


ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများက စုံညီပွဲတော် တို့နွဲ့ပျော်သီချင်း သီဆို၍ အခမ်းအနားကိုဖွင့်လှစ်ပြီး မြို့နယ်ပညာရေးမှူးရုံးမှ လက်ထောက်ပညာရေးမှူး ဦးမျိုးဆန်းက အမှာစကားပြောကြားသည်။

ထို့နောက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျောင်းအုပ်ဆရာမကြီး ဒေါ်စုလိုင်ဖော်က စုံညီပွဲတော်ကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပညာရည်ချွန်ဆုပေးပွဲကိုကျင်းပရာ ၂၀၂၄ ပညာသင်နှစ်အတွင်း ကာယစွမ်းရည်၊ ဉာဏစွမ်းရည်နှင့် အားကစားထူးချွန်ဆုရရှိသူများအား လက်ထောက်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းနှင့်ချီးမြှင့်ငွေများကို ပေးအပ်ကြသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများက တေးသီချင်းများ၊ အကများဖြင့် သီဆိုဖျော်ဖြေကြကြောင်း သိရသည်။

ချမ်းမြေ့

# လောကနန္ဒာစေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်မည်



ညောင်ဦး ဇန်နဝါရီ ၉

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့ သီရိပစ္စယာရပ် လောကနန္ဒာစွယ်တော်မြတ်စေတီတော်ကြီးအား ကြာခံနှစ်ဆင့်မှ ခရေသီးအထိရွှေသင်္ကန်းကပ်လှူနိုင်ရေးအတွက် ဩဝါဒါစရိယဆရာတော်များထံမှ ရွှေသင်္ကန်းကပ်လှူနိုင်ရေးနှင့်စပ်လျဉ်း၍ ဩဝါဒခံယူခြင်းနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီလ ၈ ရက် မွန်းလွဲပိုင်းက လောကနန္ဒာစွယ်တော်မြတ်စေတီ အစည်းအဝေးခန်းမ၌ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပကြောင်း သိရသည်။

လောကနန္ဒာ စွယ်တော်မြတ်စေတီတော်ကြီး၏ ဩဝါဒါစရိယဆရာတော်များထံမှ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့်အဖွဲ့ဝင်များ၊ ရွှေသင်္ကန်းကပ်လှူရေး ဦးစီးကော်မတီနှင့် ဆပ်ကော်မတီဝင်များ၊ ဂေါပကအဖွဲ့ဝင်များက ဩဝါဒခံယူခဲ့ကြရာ ရွှေသင်္ကန်းကပ်လှူနိုင်ရေး လုပ်ငန်းဆောင်ရွက်ရာ၌ တာဝန်ယူ၊ တာဝန်ခံမှုဖြင့်ဆောင်ရွက်ရန်၊ လုပ်ငန်းများဆောင်ရွက်ရာ၌ စေတီတော်ကြီးအား ထိခိုက်မှုမရှိစေဘဲ ရှေးမူမပျက်ဆောင်ရွက်ကြရန်လမ်းညွှန်ခဲ့ပြီး လောကနန္ဒာစွယ်တော်မြတ်စေတီတော်ကြီးအား ကြာခံနှစ်ဆင့်မှ ခရေသီးအထိ ရွှေသင်္ကန်းကပ်လှူနိုင်ရေးဦးစီးကော်မတီဥက္ကဋ္ဌအနေဖြင့် ရွှေသင်္ကန်းကပ်လှူဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား Time Frame ပါလုပ်ငန်းစဉ်များနှင့်အညီ မိုးလေကင်းလွတ်သည့်ကာလအတွင်း အရည်အသွေးပြည့်မီစွာ အမြန်ပြီးစီးနိုင်ရေး ဆောင်ရွက်မည့် အစီအမံများအား တင်ပြလျှောက်ထားခဲ့ကြောင်းသိရသည်။

**ဒီပါလင်း**

# သာယာလှပေ မနောမြေ

✽ မနောမြေမည်
ကချင်ပြည်နယ်သာစွ။
မေခ မလိခမြစ်နှစ်စင်း
စီးဆင်းဒေသ။

✽ ကျောက်စိမ်းနှင့်ရွှေ
ရှာတိုင်းမသွေ ထွက်ရှိ။
ကုန်စည်သွယ်ရောင်းဝယ်အားလည်း
စည်ကားသည်တည့်။

✽ ဥရုချောင်းတစ်လျှောက် စိမ့်စမ်းတွေ
ပေါပေသည်သာမက။
သားရဲတိရစ္ဆာန်များလည်း
ကျက်စားကြွယ်ဝ။

✽ ကချင်ရိုးရာမနောပွဲတော်
နွှဲပျော်ချိန်ရောက်လျှင်အမြဲ။
ခေါင်ရေသောက်ကခုန်မြူး
ကြည်နူးရင်ထဲ။

✽ ရိုးရာဝတ်စုံ
ခံ့မင်ကာဝတ်စား။
ကချင်တိုင်းရင်းသားတို့ဟန်က
လှပခံ့ညား။

✽ တောင်တန်းများ၏ဘုရင်ပမာ
ခါကာဘိုရာဇီအမည်ရ။
မနောမြေဂုဏ်ဆောင်အလှတစ်ပါးမို့
ထင်ရှားထည်လှ။ ။

**မနောသစ်(ပခုက္ကူ)**

# နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းဖြစ်ပွားခဲ့သော ရေကြီးနစ်မြုပ်မှုနှင့်ပတ်သက်၍ ကွင်းဆင်းစာရင်းကောက်ယူမှုကြီးကြပ်ရေးအဖွဲ့များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၉

နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းသည် ဥတ္တရခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်အောင်ဌေး၊ ကွင်းဆင်းစာရင်းကောက်ယူမှုကြီးကြပ်ရေးအဖွဲ့များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဥတ္တရခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ယနေ့တွင်ကျင်းပသည့် နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းဖြစ်ပွားခဲ့သော ရေကြီးနစ်မြုပ်မှုနှင့်ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဝင်ဦးဇေယျာလင်းက ဥတ္တရခရိုင်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရေး၊ စားရေရိက္ခာဖူလုံရေးအတွက် စိုက်ဧကများအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများမှ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ မျိုးစေ့ထုတ်ကုမ္ပဏီများနှင့်ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရေးဆောင်ရွက်ပေးရန်လိုကြောင်း၊ သွင်းအားစုများ ဖြန့်ဖြူးပေးနိုင်ရေး၊ သဘာဝမြေဩဇာပြုလုပ်နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပေးနိုင်ရေးနှင့် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ အချိန်ကိုက်အချိုးကျသုံးစွဲနိုင်ရန် မြေပြင်ကွင်းဆင်း အသိပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြန်လည်စိုက်ပျိုးနိုင်မည့် လယ်မြေဧကများအား စာရင်းပြုစုထားရှိ၍ ရေပေးဝေနိုင်ရေး ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ ရာဂိမုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ကျေးရွာနေပြည်သူများ အသက်အရွယ်အပိုင်းအခြားအလိုက် တက်ရောက်နိုင်မည့် သက်မွေးပညာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနိုင်ရေးဆောင်ရွက်လျက်ရှိရာ တက်ရောက်လာကြသည့်သက်ဆိုင်ရာဌာနများအနေဖြင့်လည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ဥတ္တရခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက စိုက်ပျိုး၊ မွေးမြူရေးနှင့် သဘာဝဘေးအလွန် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေသည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို အသီးသီးရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ပြန်/ဆက်)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀-၁-၂၀၂၅(သောကြာနေ့)

| | | | | |
|---|---|---|---|---|
| ၁။ | ၀၆:၀၀ | နိုင်ငံတော်သီချင်း | ၈။ ၁၉:၀၀ | **ရုပ်မြင်သံကြား** |
| ၂။ | ၀၈:၀၀ | စိုက်ပျိုးသုတ | | **ဇာတ်လမ်း** |
| ၃။ | ၀၉:၀၀ | ကျန်းမာသုတ | | **လွမ်းလို့ကျန်ရစ်ခဲ့မှာကို** |
| ၄။ | ၁၀:၀၀ | Movie & Movies | | **အားနာပါတယ်လေ** |
| ၅။ | ၁၁:၀၀ | Sport Review | | **(ပထမပိုင်း)** |
| ၆။ | ၁၂:၀၀ | မြန်မာသံစဉ်ချိုနားဝင် | | **သရုပ်ဆောင်** |
| ၇။ | ၁၇:၀၀ | သုတစုံလင် | | **ရဲအောင်၊ မို့မို့မြင့်အောင်** |
| | | ဗဟုသုတပုံပြင် | | **ဒါရိုက်တာ-အောင်မြင့်မြတ်** |

# ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးချိန်၌ မြေပဲသီးနှံ ဧက ၅၉၅၀ စိုက်ပျိုးပြီးစီး

ချောင်းဦး ဇန်နဝါရီ ၉

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်၌ မြေပဲဧက ၅၉၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့အထိ ဧက ၅၉၅၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန် ချောင်းဦးမြို့နယ်မှာ မြေပဲသီးနှံဧက ၅၉၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ယနေ့အထိ ဧက ၅၉၅၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်တဲ့အတွက် လျာထားဧကအပေါ် ဧက ၅၀ ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးကပြောသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီကလည်း မြေပဲဧက ၉၇၈၀ စိုက်ပျိုးခဲ့ပြီး တစ်ဧကအထွက်နှုန်းအနေဖြင့် ၅၄ ဒသမ ၃၆ တင်းနှုန်းထွက်ရှိခဲ့ကြောင်း၊ ဆီထွက်သီးနှံများကို အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါကအထွက်နှုန်းများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်တွင်းမှထွက်ရှိသည့် ပိုလျှံဆီထွက်သီးနှံနှမ်း၊ နေကြာနှင့်မြေပဲတို့ကို စားသုံးဆီအဖြစ် ကြိတ်ခွဲဆောင်ရွက်မည်ဆိုပါက ပြည်တွင်းစားသုံးဆီလုံလောက်မှုရှိမည်ဖြစ်ကြောင်း၊ မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်နှင့်ပေါင်းမြက်ကင်းစင်စေရန်တို့အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို တောင်သူများနှင့်ပူးပေါင်းကာ ဆောင်ရွက်ပေးလျက်ရှိသည်။

စိုက်ပျိုးမြေများတွင် တစ်သီးစားကိုသာ စိုက်ပျိုးခြင်းထက် သီးထပ်၊ သီးညှပ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကာ စိုက်ပျိုးရေးအခြေခံလိုအပ်ချက်ဖြစ်သည့် မျိုး၊ မြေ၊ ရေနှင့်စိုက်ပျိုးရေးနည်းစနစ်ကို မှန်ကန်စွာ အသုံးချခြင်းဖြင့် တောင်သူများ စိုက်ပျိုးရေးဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(၄၀၉)

# မကွေးတိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများတွင်(Pagoda Digital Directory) ဘုရားသမိုင်းနှင့် ဘုရားဖူးလမ်းညွှန်များတပ်ဆင်မည့်အခြေအနေရှင်းလင်းဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် တက်ရောက်

**မကွေး ဇန်နဝါရီ ၉**

မကွေးတိုင်းဒေသကြီးအတွင်းရှိဘုရားစေတီများတွင်(Pagoda Digital Directory) ဘုရားသမိုင်းနှင့် ဘုရားဖူးလမ်းညွှန်များ တပ်ဆင်မည့်အခြေအနေရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မကွေးမြို့ စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကွန်ပျူတာတက္ကသိုလ်(မကွေး)မှ ပါမောက္ခချုပ်များနှင့် ဆရာ၊ ဆရာမများ၊ ဘုရားစေတီအသီးသီးမှ ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မကွေးတိုင်းဒေသကြီးအတွင်းရှိတန်ခိုးကြီးဘုရားစေတီများတွင် Touch Screen များထားရှိ၍ ဘုရားသမိုင်းကြောင်းနှင့် ဘုရားနှင့်သက်ဆိုင်သောအချက်အလက်များအား ခေတ်ပုံမှတ်တမ်း၊ Virtual Tour များဖန်တီး၍ ပြသသွားရန်နှင့် Pagoda Digital Directory တွင်လည်း မကွေးတိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများအား ထည့်သွင်းရန်အတွက်ကိုလည်း ကွန်ပျူတာတက္ကသိုလ်(မကွေး)နှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိဘုရားစေတီများ၏ဂေါပကများကဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်က မကွေးတိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများ၏ အချက်အလက်များအား Pagoda Digital Directory တွင် ထည့်သွင်းနိုင်ရေး ကွန်ပျူတာတက္ကသိုလ်(မကွေး)နှင့် ပူးပေါင်းဆောင်ရွက်သွားမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက်ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေမီဉာဏ်ဝင်းက ဘုရားသမိုင်းနှင့် ဘုရားဖူးလမ်းညွှန် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ ကွန်ပျူတာတက္ကသိုလ်(မကွေး)ပါမောက္ခချုပ်ဒေါက်တာမျိုးမင်းသန်းက မြသလွန်စေတီတော်ကြီးနှင့်ပတ်သက်၍ ဆောင်ရွက်ခဲ့မှုလုပ်ငန်းစဉ်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသော ဂေါပကအဖွဲ့များက သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။



ဆက်လက်၍ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်က ကွန်ပျူတာစာမူဖြင့် အဌကထာစာအုပ်ပြုစုရေးလုပ်ငန်းအတွက် အလှူငွေများပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူသည်။

မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ သံဃာ့အဖွဲ့အစည်းများမှ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲအခမ်းအနားကို မင်းဘူးမြို့ သာသနာ့ဗိမာန်တော်ကြီး၌ကျင်းပရာ မြို့နယ်ဩဝါဒါစရိယနှင့် စက္ကိန်းတဲဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ မင်းဘူးမြို့ ရွှေတွင်းကုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသာသန၊ မင်းဘူးမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သာသနဝေပုလ္လမှန်ကင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပုညအမှူးရှိသော ဆရာတော်များ ကြွရောက်ချီးမြှင့်ကြပြီး ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဂေါပကအဖွဲ့များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်ဧည့်သည်တော်များသည် မြို့နယ်ဩဝါဒါစရိယ ရွှေတွင်းကုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသာသနထံမှ ငါးပါးသီလခံယူကြပြီး ဆရာတော်ကြီးများ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသော မေတ္တာသုတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ရွှေတွင်းကုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသာသနနှင့် သာသနဝေပုလ္လမှန်ကင်းကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တပုညတို့က ဩဝါဒစကားမိန့်ကြားကြသည်။

ယင်းနောက် ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်ပြီး ရေစက်ချ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လှူဒါန်းမှုဖြင့် တည်ဆောက်ထားသည့် မင်းဘူးမြို့ နှစ်ထပ်သာသနာ့ဗိမာန်တော်ကြီးကို လှည့်လည်ကြည့်ရှုပြီး ညနေပိုင်းတွင် မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တောင်ပင်လယ်ဆည်ကြိုးပြင်ကာကွယ်တော သတ်မှတ်


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၅၈၆၁ ဧကရှိသောနယ်မြေကို **“တောင်ပင်လယ်ဆည်ကြိုးပြင်ကာကွယ်တော”** အဖြစ်အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၅) အရ ၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် အပူပိုင်းဒေသဖြစ်သော မြင်းခြံမြို့နှင့်ပတ်ဝန်းကျင်ဒေသအား အပူချိန်လျော့နည်းကျဆင်းပြီး ပူပြင်းခြောက်သွေ့မှုကာကွယ်ရန်၊ ရာသီဥတုသာယာမျှတစေပြီး စိမ်းလန်းစိုပြည်သာယာလှပစေရန်၊ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုလျော့နည်းသက်သာစေရန်၊ မြေဆီလွှာပိုမိုကောင်းမွန်လာစေရန်၊ မြေဆီလွှာတိုက်စားမှုများ တားဆီးကာကွယ်ရန်၊ သဘာဝဘေးအန္တရာယ်များမှ အကာအကွယ်ပေးနိုင်ရန်၊ ဒေသခံပြည်သူများ၏ လယ်ယာသုံး သစ်၊ ထင်း၊ ဝါး စသည့် သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ထောက်ပံ့ပေးနိုင်ရန်နှင့် ရေဝေရေလဲဒေသများနှင့် အပူပိုင်းသစ်တောများ ထိန်းသိမ်းရန်ရည်ရွယ်၍ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများအဖြစ် ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။



တောင်ပင်လယ်ဆည်ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းဖြင့် အဆိုပါဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော အပူပိုင်းဒေသ၏ ဒေသမျိုးရင်းသစ်မျိုးများဖြစ်သည့် သန်း၊ ဒဟတ်၊ ရှား၊ ထနောင်း၊ တမာ၊ ဆူးဖြူ စသည့်သစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဒေသခံပြည်သူများအတွက် လယ်ယာလုပ်ငန်းသုံး သစ်၊ ထင်း၊ ဝါးနှင့် အခြားအပူပိုင်းဒေသထွက် သစ်တောထွက်ပစ္စည်းများ ပိုမိုရရှိနိုင်ခြင်း၊ အရိပ်နှင့်နားခိုရာနေရာများ တိုးပွားလာစေခြင်း၊ ခါ၊ ချိုး၊ ဖွတ်၊ ပုတတ်၊ တောကြောင်၊ ငုံး၊ ယုန် စသည့် တိရစ္ဆာန်များ၏ နေထိုင်ကျက်စားရာဒေသနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေးအထောက်အကူပြု လုပ်ငန်းများဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊ ရေတိုက်စားမှု၊ လေတိုက်စားမှုများမှ တားဆီးကာကွယ်နိုင်မည်ဖြစ်ခြင်း၊ မြေဆီလွှာထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊ မြေအောက်ရေထိန်းသိမ်းနိုင်ခြင်းနှင့် သစ်တောဖုံးလွှမ်းမှုတိုးလာပြီး ရာသီဥတုပိုမိုကောင်းမွန်မျှတလာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**



# ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maxim RYZHENKOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစောနှင့် ပြည်ထောင်စုဝန်ကြီးများ လက်ခံတွေ့ဆုံ



နေပြည်တော် ဇန်နဝါရီ ၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံတို့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maxim RYZHENKOV ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရန်အတွက် ပူးတွဲဆောင်ရွက်ရေးဆိုင်ရာ ရည်ရွယ်သည့်စာလွှာလက်မှတ်ရေးထိုးရေးကိစ္စ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အလားအလာများနှင့် ပူးပေါင်းဆောင်ရွက်မည့်နယ်ပယ်များဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်နို့ထွက်ပစ္စည်းကဏ္ဍ၊ တန်ဖိုးမြှင့်လူသုံးကုန်၊ စားကုန်ထုတ်လုပ်ရေးကဏ္ဍ၊ လျှပ်စစ်၊ စက်မှု၊ မော်တော်ယာဉ်ထုတ်လုပ်ရေးကဏ္ဍနှင့် ဆေးဝါးနှင့်ဆေးဝါးကုန်ကြမ်းထုတ်လုပ်ရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံနိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထိုသို့ဆွေးနွေးရာတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက ဘယ်လာရုစ်နိုင်ငံအနေဖြင့် ကုန်သွယ်ရေးမူဝါဒများကျင့်သုံးရာတွင် နှစ်ဖက်အပြန်အလှန်အကျိုးရှိသော ကုန်သွယ်၊ စီးပွားမူဝါဒများကိုကျင့်သုံးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် နို့နှင့်နို့ထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း၌ လာရောက်ရင်းနှီးမြှုပ်နှံရေး၊ သဘာဝဓာတ်ငွေ့မှဓာတ်မြေဩဇာထုတ်လုပ်ခြင်းလုပ်ငန်းများ၊ ဆေးနှင့်ဆေးဝါးပစ္စည်းများထုတ်လုပ်ရာတွင် လူသုံးဆေးဝါးအပြင် တိရစ္ဆာန်ကုသရေးဆိုင်ရာ ဆေးဝါးများ ထုတ်လုပ်နိုင်ရေးကိစ္စရပ်များ၊ မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြားကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုပူးတွဲကော်မတီအစည်းအဝေးကျင်းပနိုင်ရေးကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၌ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရာတွင် နည်းပညာများလွှဲပြောင်းနိုင်ရေးအတွက် သိပ္ပံနှင့်နည်းပညာပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ချုပ်ဆိုနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ဆွေးနွေးပွဲအပြီးတွင် ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရန်ပူးတွဲဆောင်ရွက်ရေးဆိုင်ရာ ရည်ရွယ်သည့်စာလွှာကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာမျိုးညွန့်နှင့် ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် မစ္စတာဒမစ်ထရီမီရွန်ချစ်ခ်တို့က လက်မှတ်တို (Initial) ရေးထိုးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနများမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## Belarusan State University ၏ First Vice-Rector ကို ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၉

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် Belarusan State University ၏ First Vice-Rector ဖြစ်သူ Dr Dzmitry Kurlavich ကို ယနေ့ညနေပိုင်းတွင် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌တွေ့ဆုံရာ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များတက်ရောက်သည်။

တွေ့ဆုံစဉ် Belarusan State University နှင့် မြန်မာတက္ကသိုလ်များ ပူးပေါင်းဆောင်ရွက်နိုင်မည့်နယ်ပယ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)



## ဘယ်လာရုစ်သမ္မတနိုင်ငံ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် လက်ခံတွေ့ဆုံ



နေပြည်တော် ဇန်နဝါရီ ၉

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် ယနေ့မွန်းလွဲပိုင်းတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Denis BAKEI ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိစက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့ပူးပေါင်း၍ကင်ဆာ၊ဦးနှောက်နှင့်အာရုံကြောဆိုင်ရာဆေးဝါးများ၊ မျက်စဉ်းဆေးများပူးပေါင်းထုတ်လုပ်နိုင်ရေးကိစ္စရပ်များ၊ လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ကြွေထည်ပစ္စည်းထုတ်လုပ်ခြင်း၊ ရော်ဘာနှင့်ဆက်စပ်ပစ္စည်းများ ထုတ်လုပ်ခြင်းနည်းပညာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ စက်မှုဝန်ကြီးဌာနရှိ ဝန်ထမ်းများ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ သင်တန်းများစေလွှတ်ရေးနှင့် လေ့ကျင့်သင်ကြားပေးရေးကိစ္စရပ်များနှင့် အဝတ်အထည်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲတွင် စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဘယ်လာရုစ်သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း လက်ခံတွေ့ဆုံ



နေပြည်တော် ဇန်နဝါရီ ၉

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းသည် ဘယ်လာရုစ်သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Barys ANDRASIUK ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်မည့်ကိစ္စရပ်များ၊ ၂၀၁၃ ခုနှစ်တွင် နှစ်နိုင်ငံလက်မှတ်ရေးထိုးခဲ့သည့် ကျန်းမာရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာပါကိစ္စရပ်များအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံဆေးဝါးထုတ်လုပ်ရေး၊ ဖြန့်ဖြူးရေးနှင့် ဆေးဝါးထုတ်လုပ်မှုကဏ္ဍ လူ့စွမ်းအားအရင်းအမြစ် လေ့ကျင့်သင်ကြားပေးခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ဆေးတက္ကသိုလ်များနှင့်ဆေးဝါးတက္ကသိုလ်များအကြား ပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအပြန်အလှန်ဆေးဘက်ဆိုင်ရာပညာရှင်များအကြား အတွေ့အကြုံဖလှယ်နိုင်ရေးနှင့် လေ့လာရေးခရီးစဉ်များ စေလွှတ်နိုင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maxim RYZHENKOV နှင့် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေတို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၉**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Maxim RYZHENKOV တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။




ဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံအမတ်ကြီး၊ ဘယ်လာရုစ်စက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးနှင့်စားနပ်ရိက္ခာဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ဘယ်လာရုစ်တက္ကသိုလ်၏ ဒုတိယပါမောက္ခချုပ်နှင့် ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်ရေး၊ ၂၀၂၄ ခုနှစ်တွင် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်မှု (၂၅) နှစ်ပြည့်မြောက်ခဲ့သည့် အခါသမယ၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်များတွင် အောင်မြင်မှုများရရှိခဲ့သည့်အခြေအနေ၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ ပညာရေးနှင့် ကာကွယ်ရေးကဏ္ဍများအပါအဝင် နှစ်နိုင်ငံ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုနှင့် နှစ်နိုင်ငံအကြား အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ မြန်မာ-ဘယ်လာရုစ်နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံဆွေးနွေးပွဲ ကျင်းပရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတွင် နီးကပ်စွာဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ အလုပ်သဘောနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ညနေပိုင်းတွင် ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Maxim RYZHENKOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် လေကြောင်းခရီးဖြင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ ထွက်ခွာသွားရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# “အာဆီယံအတွင်း မြန်မာနိုင်ငံ၏ အကျိုးစီးပွားနှင့် စွမ်းရည်မြှင့်တင်ရေး” ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၉**

“အာဆီယံအတွင်း မြန်မာနိုင်ငံ၏ အကျိုးစီးပွားနှင့် စွမ်းရည်မြှင့်တင်ရေး” ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီလ ၉ ရက်မှ ၁၀ ရက်အထိ နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပလျက်ရှိသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်က မြန်မာနိုင်ငံအနေဖြင့် “လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒ” ကို ကျင့်သုံးလျက်ရှိရာ ကမ္ဘာ့နိုင်ငံများနှင့် နှစ်နိုင်ငံချင်းသာမက ကုလသမဂ္ဂ၊ အာဆီယံ၊ ဘင်းမ်စတက်နှင့် မဲခေါင်ဒေသခွဲဆိုင်ရာ အဖွဲ့အစည်းများ၊ အာရှ-ဥရောပအစည်းအဝေး(အေဆမ်)၊ အာရှပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ(အေစီဒီ)၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အက်စ်စီအို) စသည့် ဒေသတွင်း၊ ဒေသခွဲဆိုင်ရာနှင့် နိုင်ငံတကာအဖွဲ့အစည်းများတွင်လည်း တက်ကြွစွာပူးပေါင်းပါဝင်လျက်ရှိကြောင်း၊ နှစ်နိုင်ငံချင်း၊ ဒေသတွင်း၊ ဒေသခွဲနှင့် နိုင်ငံတကာအစီအစဉ်များတွင် ဆက်သွယ်ဆောင်ရွက်မှုများကို ပိုမိုဆောင်ရွက်ခြင်းဖြင့် ပြည်ပဆက်ဆံရေး ပိုမိုအားကောင်းလာစေရန်နှင့် ပြည်တွင်း နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဦးတည်ချက်များအား ဦးစားပေးဖော်ဆောင်ရာတွင် ဒေသဆိုင်ရာနှင့် နိုင်ငံတကာအစီအစဉ်များမှတစ်ဆင့်လည်း ပိုမိုပေါင်းစည်းဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း၊ အထူးသဖြင့် အာဆီယံဒေသတွင်း၌ မြန်မာနိုင်ငံ၏ အခန်းကဏ္ဍမြှင့်တင်နိုင်ရန်၊ ပြည်တွင်းကဏ္ဍအသီးသီး၌ တာဝန်ယူလျက်ရှိသည့် ဝန်ကြီးဌာနများအကြား ပိုမိုကောင်းမွန်သည့် ပေါင်းစပ်ညှိနှိုင်းမှုများဖြင့် မိမိတို့၏ဦးစားပေးလုပ်ငန်းအစီအစဉ်များကို အာဆီယံယန္တရားများနှင့် ပိုမိုအချိတ်အဆက်မိမိ ဆောင်ရွက်နိုင်မည့်နည်းလမ်းများ ဖော်ထုတ်သွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းဝင်းမောင်နှင့် အာဆီယံမဏ္ဍိုင် (၃)ရပ်ကို အဓိကတာဝန်ယူထားကြသည့် အရာရှိကြီးများက အာဆီယံဆိုင်ရာ ကဏ္ဍအသီးသီးကို တာဝန်ယူထားသည့် ဝန်ကြီးဌာန ၃၀ မှ ဘာသာရပ်ကျွမ်းကျင်သူအရာရှိများအားကဏ္ဍအလိုက်ဦးစားပေးလုပ်ငန်းစဉ်များကို အာဆီယံယန္တရားများမှတစ်ဆင့် ဖော်ဆောင်နိုင်မှုအခြေအနေ၊ စိန်ခေါ်မှုနှင့် အလားအလာများအပေါ် ပြန်လည်သုံးသပ်ကြရန်၊ အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅ ကို ယခုနှစ်တွင် စတင်နိုင်မည်ဖြစ်ရာ အဆိုပါမျှော်မှန်းချက်ပါ အာဆီယံမဏ္ဍိုင်အသီးသီး၏ ဗျူဟာမြောက်လုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံက အပြုသဘော ပူးပေါင်းပါဝင်ကာ မိမိတို့နိုင်ငံအကျိုးကို ဒေသအကျိုးစီးပွားနှင့် ချိတ်ဆက်နိုင်ရန် ပွင့်လင်းစွာ ညှိနှိုင်းတိုင်ပင်၍ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။



အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ အာဆီယံရေးရာကိစ္စရပ်များကို တာဝန်ယူထားသည့် ဝန်ကြီးဌာန ၃၀ မှ အဆင့်မြင့်အရာရှိကြီးများနှင့် ဘာသာရပ်တာဝန်ခံအရာရှိ စုစုပေါင်း ၈၅ ဦးခန့် တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# ငါး ပုစွန်မွေးမြူရေးဖွံ့ဖြိုးတိုးတက်ဖို့ ရောဂါကြိုတင်ကာကွယ်ကြပါစို့


ဝါဝါဖူး(Ph.D)၊
မွေး/သု(မန်း)

**ငါးပုစွန်မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုအဟန့်အတားများ**

ငါး၊ ပုစွန်ရောဂါများကင်းရှင်းစေရန် ကြိုတင်ကာကွယ်ခြင်းသည် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်း၌ အရေးကြီးသောအချက်တစ်ခုဖြစ်သည်။ ကူးစက်ရောဂါများသည် ငါး၊ ပုစွန်များ၏ကျန်းမာရေးကို ထိခိုက်စေပြီး ထုတ်လုပ်မှုနှင့် စီးပွားရေးအတွက် ဆိုးကျိုးများစွာဖြစ်စေပါသည်။ ရာသီဥတုပြောင်းလဲမှု၏ ရေရှည်အကျိုးဆက်များဖြစ်သော မိုးရွာသွန်းနှုန်းနည်းပါးလာခြင်း၊ ပင်လယ်ရေမျက်နှာပြင် အပူချိန်မြင့်မားလာခြင်း စသည့်အကြောင်းအချက်များသည် ရေလုပ်ငန်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ်၌ သက်ရောက်မှုရှိစေပါသည်။ မြင့်မားသောရေအပူချိန်သည် ငါး၊ ပုစွန်များ၏ ကိုယ်ခံအားစနစ်ကို ထိခိုက်စေနိုင်ပြီး ခန္ဓာကိုယ်ပေါ်တွင်ရှိသော ရောဂါပိုးမွှားများကို ခံနိုင်ရည်ရှိစေပါသည်။ ထို့အချက်ကြောင့် ရာသီဥတုပြောင်းလဲမှုသည် ငါး၊ ပုစွန်ရောဂါများဖြစ်ပွားမှုနှင့် ပြင်းထန်မှုကို တိုးမြင့်လာစေနိုင်ပါသည်။

**ငါး၊ ပုစွန်ရောဂါဖြစ်ပွားရသည့်အကြောင်းရင်း**

ရောဂါကြိုတင်ကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်း၏ အခြေခံအချက်များမှာ ရောဂါကူးစက်ပျံ့နှံ့စေသော ကွင်းဆက်ကို ပြတ်တောက်ပျက်စီးအောင်ပြုလုပ်ခြင်းပင်ဖြစ်ပါသည်။




**ငါး၊ ပုစွန်ရောဂါဖြစ်ပွားရန် လက်ခံကောင်၊ ရောဂါပိုးနှင့်ပတ်ဝန်းကျင်တို့အကြား အပြန်အလှန်သက်ရောက်မှု**

ကပ်ပါးပိုးများနှင့် ရောဂါပိုးများပျံ့နှံ့မှုသည် အပူချိန်ပြောင်းလဲမှုကြောင့် တိုက်ရိုက်သက်ရောက်မှုရှိသော်လည်း သွယ်ဝိုက်သောနည်းအားဖြင့် လက်ခံကောင်နှင့် လက်ခံကောင်မှတစ်ဆင့် ပြန်လည်ကူးစက်၍လည်း သက်ရောက်မှုရှိနိုင်ပါသည်။ ဖြစ်ပွားသောရောဂါများသည် ပတ်ဝန်းကျင်နှင့်ရာသီဥတုဆိုင်ရာအဖြစ်အပျက်များနှင့် ဆက်စပ်နေပါသည်။ အပူချိန်တိုးလာသည်နှင့်အမျှ ငါးကပ်ပါးပိုးများနှင့် ရောဂါပိုးမွှားများ၏ ကူးစက်နှုန်းသည်လည်း တိုးလာမည်ဖြစ်ပါသည်။ ငါးမျိုးစိတ်တစ်ခုချင်းစီ၏ ခံနိုင်ရည်စွမ်းအားသည် ပုံမှန်နွေရာသီအပူချိန် ၂၈ ဒီဂရီဆဲစီးယပ်တွင် အကောင်းဆုံးဖြစ်ပါသည်။ ရေ၏အပူချိန်သည်အကောင်းဆုံးအခြေအနေ ၂၈ ဒီဂရီဆဲစီးယပ်၏အထက် သို့မဟုတ် အောက်တွင်ရှိပါက ဇီဝကမ္မဆိုင်ရာဖိစီးမှုဖြစ်စေနိုင်ပြီး ရောဂါကူးစက်နိုင်ခြေနှင့်သေဆုံးနိုင်ခြေကို တိုးမြင့်စေနိုင်ပါသည်။ အပူချိန်ပြောင်းလဲခြင်းသည် ငါးများ၏ခုခံအား ကျဆင်းခြင်း၊ ကပ်ပါးကောင်များနှင့် ရောဂါ ပိုးမွှားများဖြစ်ပွားမှုတိုးလာခြင်းတို့နှင့်အတူ ခုခံစွမ်းအား၏ တုံ့ပြန်မှုပြောင်းလဲခြင်းဖြင့် ရောဂါဖြစ်ပွားနိုင်ခြေတိုးလာပြီး ငါး၊ ပုစွန်များအပေါ်တွင် အကျိုးသက်ရောက်စေမည်ဖြစ်ပါသည်။ ထို့ပြင် ဖြစ်ပွားတတ်သော ရောဂါအများစုမှာ ရေအရည်အသွေးညံ့ဖျင်းခြင်း၊ ရေပူလွန်းအေးလွန်းချိန်များ၌ ငါးများတွင် အထိအမိများမှုကြောင့် စိတ်ဖိစီးမှုများခြင်း၊ ပြင်ပမှ ဝယ်ယူ/သယ်ဆောင်လာသော ငါးများကို ငါးများထည့်သွင်းရမည့်နှုန်းထက် များပြားခြင်း၊ ရောဂါဖြစ်ပွားသောငါးများကို သီးသန့်ခွဲထားမှုမရှိခြင်း၊ နဂိုရှိရင်းစွဲရောဂါပိုး၊ လက်ခံကောင် စသည့်အချက်များကြောင့် ရောဂါကူးစက်နှုန်းများပြားခြင်းတို့ဖြစ်စေနိုင်ပါသည်။ ထိုသို့သောအခြေအနေမျိုး၌ မိမိတို့မွေးမြူထားသော ငါး၊ ပုစွန်များမှာ ကိုယ်ခံအားကျဆင်းနေပါက ရောဂါအလွယ်တကူကူးစက်နိုင်ပြီး သေသည်အထိဖြစ်ပေါ်စေနိုင်ပါသည်။

ထို့ကြောင့် ပတ်ဝန်းကျင်ကို သင့်လျော်သော ကြိုတင်ပြင်ဆင်မှုများပြုလုပ်နိုင်လျှင် ငါး၊ ပုစွန်ရောဂါများကျရောက်မှုလျော့နည်းစေနိုင်မည်ဖြစ်ပါသည်။ မွေးမြူရေးကန်များ၌ ငါး/ပုစွန်ရောဂါ ဖြစ်ပွားမှုမရှိရန် ကြိုတင်ကာကွယ်ရမည်ဆိုပါလျှင် –

(၁) အရည်အသွေးကောင်းသောရေသည် အကျိုးပြုဗက်တီးရီးယားများပေါက်ပွားရန် အားပေးသဖြင့် ရောဂါပိုးများနည်းပါးသွားခြင်းကြောင့်ရေအရည်အသွေးကောင်းမွန်အောင်ပြုပြင်ပေးခြင်း။

(၂) မွေးမြူထားသော မျိုးစိတ်အလိုက် ကိုယ်ခံအားမြင့်မားစေရန် အာဟာရပြည့်မီသောအစာကျွေးခြင်း။

(၃) ရာသီဥတုအလိုက် ရေအရည်အသွေးပြောင်းလဲမှုမရှိစေရေး ပုံမှန်စစ်ဆေးခြင်း။

(၄) မွေးမြူရေးကန်များ၌ ရောဂါများကျရောက်မှုရှိ/မရှိပုံမှန်စစ်ဆေးခြင်း။

(၅) ငါး၊ ပုစွန်များသေဆုံးမှုရှိလျှင် ငါး၊ ပုစွန်မွေးမြူရေးကျွမ်းကျင်ပညာရှင်များနှင့်တိုင်ပင်ဆွေးနွေးခြင်းတို့လုပ်ဆောင်ရမည်ဖြစ်ပါသည်။

**ရောဂါပိုးများတွေ့ရှိနိုင်သည့် ငါးမျိုးစိတ်များ**

ကန်အောက်ခြေမြေပြင်၌နေထိုင်ပြီး အကြေးခွံမရှိသောငါးများဖြစ်သည့် ငါးကျည်း၊ ငါးခူ၊ ငါးရှဉ့်အစရှိသော ငါးများမှာ ပို၍ရောဂါအဖြစ်များပြီး ငါးရံ့၊ ငါးပြေမများသည် ဒုတိယအဖြစ်များကာ အကြေးခွံရှိသော ငါးကြင်း၊ ငါးသိုင်း၊ ငါးမြစ်ချင်း၊ တီလားပီးယား၊ ငါးခုံးမအစရှိသည့် ငါးများသည် တတိယအဖြစ်များဆုံးဖြစ်ပါသည်။

ဆောင်းရာသီဝင်ရောက်ချိန်နှင့် နွေရာသီကူးပြောင်းချိန်တို့၌ ရောဂါအများဆုံးဖြစ်ပွားနိုင်သော်လည်း ကန်ရေအရည်အသွေးညံ့ဖျင်းမည်ဆိုပါက ရာသီမရွေးရောဂါဖြစ်ပွားနိုင်ပါသည်။ ငါးများ၌ ရောဂါစတင်ဖြစ်ပွားလာပြီဆိုပါလျှင် ရေပေါ်တွင်ပေါ်လာခြင်း၊ ကူးခပ်ပုံနှေးကွေးလာခြင်း၊ အစားအစာကောင်းစွာ



**ကျောက်ငါးတွင် တွေ့ရှိရသော Iridovirus**

မစားခြင်း၊ ရေပေါ်လွှာနှင့်ရေအောက်လွှာတွင် နေထိုင်ကျက်စားသော အကြေးခွံရှိသည့် ငါးမြစ်ချင်း၊ ငါးကြင်း၊ တီလားပီးယားငါးများသည် ရေမျက်နှာပြင်အောက် တစ်ပေခန့်မှာမကူးခပ်ဘဲတန့်နေခြင်း၊ ငါး၏ ခန္ဓာကိုယ်ပေါ်တွင် အနီကွက်များဖြစ်ပေါ်ခြင်း၊ မီးလောင်ထားသကဲ့သို့ဖြစ်နေခြင်းနှင့် ပါးဟက်များ မည်းနေခြင်း စသည့် လက္ခဏာများဖြစ်ပေါ်လာမည်ဖြစ်သဖြင့် သတိပြုရမည်ဖြစ်ပါသည်။

ငါး၊ ပုစွန်ရောဂါအမျိုးအစားများကို ထပ်မံခွဲခြားရလျှင် မကူးစက်တတ်သောရောဂါများနှင့် ကူးစက်တတ်သောရောဂါများဟူ၍ နှစ်မျိုးရှိရာတွင် မကူးစက်တတ်သောရောဂါများမှာ ပတ်ဝန်းကျင်အခြေအနေကြောင့်ဖြစ်သည့်ရောဂါနှင့် အစာအာဟာရကြောင့်ဖြစ်ပွားသည့်ရောဂါဟူ၍လည်းကောင်း၊ ကူးစက်တတ်သောရောဂါများ၌ ဗိုင်းရပ်ပိုးကြောင့် ဖြစ်ပွားသောရောဂါများ၊ ဗက်တီးရီးယားကြောင့်ဖြစ်သော ရောဂါများ၊ မှိုကြောင့်ဖြစ်သော ရောဂါများနှင့် ကပ်ပါးပိုးကြောင့်ဖြစ်ပွားသောရောဂါများဟူ၍ ဖြစ်ပါသည်။

**မကူးစက်တတ်သောရောဂါများ**

➢ **ပတ်ဝန်းကျင်အခြေအနေကြောင့်ဖြစ်သည့်ရောဂါ–** ရောဂါဖြစ်ပွားရသည့် ပတ်ဝန်းကျင်အခြေအနေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

➢ **ရေအပူချိန်–** ရေနေသတ္တဝါများသည် ရေအပူချိန်ကျဆင်းခြင်းကို ခံနိုင်ရည်ရှိသော်လည်း အပူချိန်မြင့်မားပါက ရောဂါပိုမိုဖြစ်စေနိုင်ပြီး ရေအပူချိန်လျင်မြန်စွာပြောင်းလဲပါက ဖိစီးမှုဒဏ်ပိုမိုဖြစ်စေနိုင်ခြင်း။

➢ **အောက်ဆီဂျင်နှင့်ကာဗွန်ဒိုင်အောက်ဆိုက်–** ငါးငယ်များသည် ငါးကြီးများထက် အောက်ဆီဂျင် ပိုမိုလိုအပ်သဖြင့် အောက်ဆီဂျင်မလုံလောက်ပါက ပါးဟက်များတွင် ကပ်ပါးပိုးမွှားများစုနေတတ်ပြီးနောက် ပါးဟက်မျှင်များပျက်စီးခြင်းကိုဖြစ်စေနိုင်ခြင်း။

➢ **အမိုးနီးယား–** ရေတွင် အမိုးနီးယားမြင့်တက်လျှင် ချဉ်ဖန်နှုန်းကိုပြောင်းလဲစေနိုင်ပြီး ငါးများ၏

**စာမျက်နှာ ၁၄ သို့ ❖**

**ကူးစက်တတ်သော ရောဂါများ**
**ဗိုင်းရပ်ပိုးကြောင့် ဖြစ်ပွားသော ရောဂါများ**

| လက္ခဏာများ | ဖြစ်ပွားနိုင်သော ငါး/ပုစွန်အမျိုးအစားများ | ရောဂါဖြစ်စေသော အကြောင်းရင်းများ | ကြိုတင်ကာကွယ်မှုနှင့် ကုသခြင်း |
|---|---|---|---|
| • ငါးများ အစာစားနှုန်း လျော့ကျခြင်း။<br>• ကိုယ်အလေးချိန် လျော့ကျခြင်း။<br>• ဦးခေါင်းပိုင်း၊ ကိုယ်ပိုင်းနှင့် အမြီးဆူးတောင်နှင့် ရေယက်များတွင် အနီစက်များ ဖြစ်ပေါ်နေခြင်း။ | • ကျောက်ငါး၊<br>• ပုစွန်ဖြူ၊<br>• ငါးခုံးမ။ | • ရေအပူချိန်ကျဆင်းသော နိုဝင်ဘာလမှ ဖေဖော်ဝါရီလ (အနိမ့်ဆုံး ၁၉ မှ ၂၅ ဒီဂရီစင်တီဂရိတ်အထိ)။<br>• ရေအပူချိန် ရုတ်တရက် ပြောင်းလဲခြင်း။<br>• မိုးရွာသွန်းမှုများခြင်း။<br>• အက်စစ်ဓာတ် မြင့်မားခြင်းနှင့် ပျော်ဝင်အောက်ဆီဂျင် လျော့နည်းခြင်း။ | • ပိုတက်ဆီယမ်ပါမင်ဂနိတ်(ဖန်ရေ)အား မွေးမြူသည့် ရေပမာဏအပေါ် မူတည်၍ အသုံးပြုရန် ($KMnO_4$= 1 gram/10 of water dip for 7 minutes)။<br>• အိမ်သုံးဆား(ဆိုဒီယမ်ကလိုရိုဒ်)အား ငါးမွေးကန် တစ်ဧကလျှင် ပိဿာ ၅၀ နှုန်းဖြင့် ကန်အနှံ့ဖြူးခြင်း (သို့မဟုတ်) ရောဂါအနည်းအများ အပေါ်မူတည်၍ ၂၀-၃၀ဂရမ်/လီတာအား ၁၀-၃၀ မိနစ်အထိ စိမ်ပေးရန်။<br>• ကန်ရေ၏ ချဉ်ဖန်နှုန်း အပေါ်မူတည်၍ ထုံး ၅၀-၁၅၀ ပိဿာအထိ ဖြူးပေးရန်။ |



**ပုစွန်ဖြူတွင် တွေ့ရှိရသော white spot synsdrome virus (WSSV)**



**ငါးခုံးမငါးတွင် တွေ့ရှိရသော အနီစက်/အနာခွက်ရောဂါ Epizootic ulcerative Necrosis Virus syndrome (EUS)**

❖ စာမျက်နှာ ၁၃ မှအဆက်

ပါးဟက်နှင့် အခြားသောအင်္ဂါများကို ပျက်စီးစေနိုင်ခြင်း။


➢ **နိုက်ထရိတ်နှင့်နိုက်ထရိုက်**- နိုက်ထရိတ်သည်

**ဗက်တီးရီးယားကြောင့် ဖြစ်သောရောဂါများ**

| လက္ခဏာများ | ဖြစ်ပွားနိုင်သော ငါး/ပုစွန်အမျိုးအစားများ | ရောဂါဖြစ်စေသော အကြောင်းရင်းများ | ကြိုတင်ကာကွယ်မှုနှင့် ကုသခြင်း |
|---|---|---|---|
| • ငါးများ အစာစားနှုန်း လျော့ကျခြင်း။<br>• ကန်ရေပြင် အထက်နားတွင်သာ ကူးခပ်ခြင်း။<br>• အရေပြားအရောင် ပျောက်လာခြင်း (သို့)အမည်းရောင်ဖြစ်ပေါ်ခြင်း။<br>• စအိုရေယက်၊ ပါးစပ်နှင့်ပါးဟက်များတွင် မီးလောင်နာကဲ့သို့အနာများ ဖြစ်ခြင်း။ | • ကျောက်ငါး၊<br>• ငါးပါးနီ၊<br>• ကကတစ်၊<br>• ငါးသလောက်။ | • ရေအရည်အသွေးကျဆင်းသောအချိန်များ၌ ရောဂါဖြစ်ပွားနှုန်း လွယ်ကူခြင်း၊<br>• ထည့်သွင်းနှုန်းများခြင်းနှင့် ရေအပူချိန် မြင့်တက်ခြင်း။<br>• ကိုင်တွယ်မှုကြမ်းတမ်းခြင်းကြောင့် ဖိစီးမှုများခြင်း။ | • ရေအရည်အသွေးထိန်းသိမ်းရန်။<br>• ထည့်သွင်းကောင်ရေ လျှော့ချရန်။ |



ငါးသလောက်၏ပါးဟက်တွင်ဗက်တီးရီးယားကြောင့်ဖြစ်သော Flexibacter columnaris disease



ငါး၏ကျောက်ကပ်တွင် ဗက်တီးရီးယားကြောင့် ဖြစ်သော Aeromonad disease



ကကတစ်ငါး၏အကြေးခွံတွင် ဗက်တီးရီးယားကြောင့် ဖြစ်သော Vibrio anguillarum disease

ငါးများကို အဆိပ်အတောက် မဖြစ်စေနိုင်သော်လည်း နိုက်ထရိုက်မှာ အဆိပ်အတောက်ဖြစ်စေနိုင်ကာ မတ်ဟီမိုဂလိုဘင်ဓာတ်ကိုထုတ်ယူပြီး သွေးရောဂါဖြစ်စေနိုင်ခြင်း။

➢ **ကာဗွန်ဒိုင်အောက်ဆိုက်**- ငါးများ၏သွေးထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက် မြင့်မားနေပါက အောက်ဆီဂျင်ကို ဟန့်တားမှုဖြစ်စေနိုင်သကဲ့သို့ ကျောက်ကပ်ကိုပျက်စီးစေနိုင်ခြင်း။

➢ **ကလိုရင်း**- ရေထဲတွင် ကလိုရင်းများနေပါက သို့မဟုတ် ပျော်ဝင်မှုအားကောင်းခြင်းမရှိပါက ငါးများ၏ပါးဟက်ကို ထိခိုက်စေနိုင်ခြင်း (ရေ ၁ လီတာတွင် ဆိုဒီယမ်သိုင်အို ဆာလဖိတ် ၁ ဂရမ်နှုန်းဖြင့် ကလိုရင်းပြယ်စေရန် ဆောင်ရွက်နိုင်ပါသည်။)

**အစာအာဟာရကြောင့် ဖြစ်ပွားသည့်ရောဂါ**

➢ **အစာငတ်မွတ်ခြင်း**- သင့်လျော်သော အစာအာဟာရနှင့် အရည်အသွေးပြည့်ဝမှု မရှိခြင်း။


➢ **အာဟာရလျော့နည်းခြင်း**- ထည့်သွင်းဖော်စပ်ထားသော အာဟာရတန်ဖိုးများလျော့နည်းခြင်းကြောင့် ခေါင်းကြီးကိုယ်သေးခြင်း၊ အရိုးပုံပျက်ခြင်း၊ ကြီးထွားမှုနှေးကွေးခြင်းတို့ဖြစ်စေနိုင်ပါသဖြင့် အစာကျွေးသည့်အခါ သို့မဟုတ် ဖော်စပ်စာများပြုလုပ်ချိန်တွင် မွေးမြူမည့်ငါးမျိုးစိတ်အလိုက် အာဟာရလိုအပ်ချက်ထည့်သွင်း၍ ကျွေးခြင်း၊ မွေးမြူကန်ရေနောက်ကျိမှုမရှိစေရန် အတွက် လိုအပ်သော ကန်ပြုပြင်စီမံဆောင်ရွက်ခြင်းနှင့် ရေအရည်အသွေးပုံမှန်စစ်ဆေးရန် လိုအပ်ခြင်း။

**ငါး၊ ပုစွန်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ရောဂါ ကြိုတင်ကာကွယ်မှု**


ငါး၊ ပုစွန်ရောဂါသည် ဖြစ်ပွားမှုကုသခြင်းထက် ကြိုတင်ကာကွယ်ခြင်းက ပိုမိုထိရောက်ပြီး အကျိုးရှိစေပါသည်။ ပိုမိုကောင်းမွန်သောစီမံခန့်ခွဲမှုအလေ့အကျင့်များကို အကောင်အထည်ဖော်ခြင်းသည် ငါး၊ ပုစွန်များ ရောဂါမကြာခဏဖြစ်ပွားမှုနှင့် ထုတ်လုပ်မှုဆုံးရှုံးမှုများကိုကာကွယ်ရန် အရေးကြီးဆုံးဖြစ်ပါသည်။ နေအပူချိန် မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ရေများရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါများကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာများ အလွန်အကျွံကျွေးခြင်းများကိုလျှော့ချရန် လိုအပ်ပါသည်။ ထို့အတူ ရာသီဥတုအပြောင်းအလဲများကြောင့် နံနက်ပိုင်းမိုးအုံ့သောရက်များ၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများ ခေါင်းထောင်လျက် ကူးခပ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးဖြစ်ပါက ကန်အတွင်းသို့ ရေသွင်းခြင်း၊

**မှိုကြောင့်ဖြစ်သော ရောဂါများ**

| လက္ခဏာများ | ဖြစ်ပွားနိုင်သော ငါး/ပုစွန်အမျိုးအစားများ | ရောဂါဖြစ်စေသော အကြောင်းရင်းများ | ကြိုတင်ကာကွယ်မှုနှင့် ကုသခြင်း |
|---|---|---|---|
| • ရောဂါပိုးရှိသော နေရာ အနာကွက်၌ အဖြူရောင်အမျှင်များ ထွက်လာခြင်း။<br>▪ အရေပြားပေါ်တွင် အနာများဖြစ်ပေါ်ပြီး အရေပြားများ ကွာကျခြင်း၊ ဆူးတောင်များ တိုသွားခြင်း။ | • ရေချိုငါးအုပ်စုများ။ | • ငါးများ ပြောင်းရွှေ့ချိန်တွင် ကိုင်တွယ်မှုကြမ်းတမ်းခြင်းကြောင့် ဒဏ်ရာရရှိပြီး မှိုရောဂါဖြစ်ပွားခြင်း။<br>• ရေထုညစ်ညမ်းခြင်း (မြက်များ/ဒိုက်များ ပုပ်ဆွေးခြင်း)။ | • ဗက်တီးရီးယားနှင့် ကပ်ပါးပိုးကြောင့်ဖြစ်သော အနာများမှ တစ်ဆင့် မှိုရောဂါဝင်ရောက်ရန်။<br>• ရောဂါဖြစ်သော ငါးများကို ရေ ၁ လီတာတွင် ဆားအလေးချိန် ၅၀ ဂရမ်နှုန်းဖြင့် စိမ်ရန် (၃၀ စက္ကန့်မှ ၃၀ မိနစ် အထိ)။<br>• ငါးမထည့်မီ ကန်ကို စနစ်တကျပြုပြင်ရန်။<br>• သယ်ယူပို့ဆောင်မှုကြောင့် ငါးများဖိစီးမှုဒဏ် မဖြစ်စေရန် ဂရုစိုက်ရန်။<br>• ရေတစ်လီတာ၌ ဆားကြမ်း ၂၂ ဂရမ်အား မိနစ် ၃၀ခန့် စိမ်ပေးရန်။ |



ရွှေဝါငါးကြင်း၏ ခန္ဓာကိုယ်ပေါ်တွင် တွေ့ရှိရသော Saprolegnia မှိုရောဂါ



တီလားပီးယားငါး၏ ပါးဟက်တွင် တွေ့ရှိရသော Branchiomycosis (Gill Rot Disease) မှိုရောဂါ




ငါးကြင်း၏ ပါးဟက်တွင် တွေ့ရှိရသော Branchiomycosis(Gill Rot Disease) မှိုရောဂါ

**ကပ်ပါးပိုးကြောင့် ဖြစ်ပွားသော ရောဂါများ**


| လက္ခဏာများ | ဖြစ်ပွားနိုင်သော ငါး/ပုစွန်အမျိုးအစားများ | ရောဂါဖြစ်စေသော အကြောင်းရင်းများ | ကြိုတင်ကာကွယ်မှုနှင့် ကုသခြင်း |
|---|---|---|---|
| • အနာကွက်များ၌ ရှည်မျောမျော ကပ်ပါးပိုးတွယ်ကပ်နေခြင်း၊ ရေယက်များ၊ အကြေးခွံများ၊ ဆူးတောင်အရင်းများ၌ တွယ်ကပ်နေခြင်း။<br>• ငါးများ ကိုယ်ခံအားကျဆင်းပြီး ပိန်လာခြင်း။ | • တီလားပီးယား၊<br>• ငါးရံ့၊<br>• ငါးကြင်းငါးသိုင်းအုပ်စု၊<br>• ရေငန်ပုစွန်။ | • ဆောင်းရာသီကာလများ၊ ရေညစ်ညမ်းသောကာလများ၊ ရာသီဥတုပြောင်းလဲချိန်များနှင့် အနည်အနှစ်များ စုပုံနေခြင်း။ | • ငါးသားလောင်းအဆင့်တွင် ၃-၅ ရာခိုင်နှုန်းအထိ ဆားရည်စိမ်ပေးရန်။<br>• ငါးသားပေါက်များ မထည့်မီ ကန်အခြောက်ခံရန်။<br>• ထုံးဖြူးပေးရန်။ |



Lernaea cyprinacea ကျောက်ဆူးကပ်ပါးပိုး



ငါး၏ အကြေးခွံတွင် Lernaea cyprinacea ကပ်ပါးပိုးတွယ်ကပ်နေပုံ



ငါး၏ ပါးဟက်တွင် Trichodina ကပ်ပါးပိုးတွယ်ကပ်နေပုံ

ရေပန်းချပေးခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ လှေလှော်ပေးခြင်း စသည့်နည်းလမ်းများဖြင့် ရေတွင်ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ငါးမွေးမြူရေးကန်များရှိ ရေများသည်အပူချိန်ကြောင့် ရေခန်းခြောက်လာမည်ဆိုပါက သန့်ရှင်းသောရေသစ်များ ပြန်လည်ဖြည့်သွင်းပေးရန်၊ ရေအသစ်လဲလှယ်နိုင်ရန်၊ ရေကောင်းရေသန့် သိုလှောင်ကန်ထည့်ထားသည့် အရန်ကန်စီစဉ်ထားရှိရန်၊ ရေအသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချပေးရန်၊ ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုကို ဖြစ်စေသည့် ကစော်ဖတ်၊ ဝါစေ့ကြိတ်ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာကျွေးရန်နှင့် အစာကျန်ရှိ/မရှိပုံမှန်စစ်ဆေးရန်၊ ကန်အခြေအနေနှင့် ကန်ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက် ၆ နာရီမှ ၇ နာရီကြားတွင် ပုံမှန်စစ်ဆေးပေးရန် စသည့်အချက်များကို လိုက်နာဆောင်ရွက်ပေးမည်ဆိုပါလျှင် မိမိတို့မွေးမြူထားသော ငါးများမှာကြီးထွားနှုန်းကောင်းမွန်ပြီး အထွက်နှုန်းတိုးတက်မည်မှာ မလွဲကေန်ဖြစ်ပါကြောင်း ရာသီဥတုပြောင်းလဲမှုက ငါး၊ ပုစွန်ရောဂါအပေါ် သက်ရောက်မှုနှင့်ပတ်သက်သည့် အချက်အလက်များကို ပြန်လည်၍ မျှဝေရေးသားတင်ပြလိုက်ရပါသည်။ ။

✯ စာမျက်နှာ ၁၇ မှအဆက်

စက်မှုနည်းပညာဆိုင်ရာ လူသားအရင်းအမြစ်များမွေးထုတ်နိုင်ရေးအတွက် ခရိုင်အသီးသီးတွင် စက်မှု စိုက်ပျိုးရေးနှင့်မွေးမြူရေးပညာများကို သင်ကြားပေးနေသည့် အခြေခံပညာအထက်တန်းကျောင်း(၈၅)ကျောင်းကိုဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး KG+9 ပြီးမြောက်အောင်မြင်သူများ တက်ရောက်နိုင်မည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ထူးချွန်စွာအောင်မြင်ပါက သက်ဆိုင်ရာတက္ကသိုလ်၊ ကောလိပ်များကို ဆက်လက် တက်ရောက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံအတွက် ပညာရှင်များစွာ လိုအပ်လျက်ရှိနေဆဲဖြစ်သောကြောင့် အသိပညာရှင်၊ အတတ်ပညာရှင် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး နိုင်ငံတော်က စီမံဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တာဝန်ရှိသူများနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကလည်း ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ကုန်ထုတ်လုပ်မှု မြင့်မားစေရေးကို အထောက်အကူပြုနိုင်မည့် သုတေသနလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေးအားပေးရမည်ဖြစ်ကြောင်း၊ သုတေသနတွေ့ရှိချက်များမှတစ်ဆင့် ထုတ်ကုန်အသစ်ထုတ်လုပ်နိုင်မည့် နည်းပညာအသစ်များကို စက်မှုလုပ်ငန်းများသို့အရောက် နည်းပညာလွှဲပြောင်းပေးခြင်းနှင့် သုတေသနတွေ့ရှိချက်အသစ်များကိုလိုအပ်သည့်အဖွဲ့အစည်းများထံ အသိပညာဗဟုသုတမျှဝေပေးခြင်း ပြုလုပ်နိုင်ပါက နိုင်ငံ့စီးပွားကို အချိန်တိုအတွင်း ဖွံ့ဖြိုးတိုးတက်လာအောင် ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း။

ယနေ့ကျင်းပသည့် ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ(၂၀၂၅)တွင် ပြည်တွင်း၊ ပြည်ပမှ ပညာရပ်ဆိုင်ရာထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်များနှင့် သုတေသနပညာရှင်ကြီးများက Keynote Speech များနှင့် ပညာဗဟုသုတမျှဝေပေးကြပြီး ဆရာအတတ်ပညာကဏ္ဍ၊ ဝိဇ္ဇာနှင့်သိပ္ပံပညာကဏ္ဍ၊ သမုဒ္ဒရာနှင့်ကမ္ဘာမြေသိပ္ပံကဏ္ဍ၊ MSME နှင့် TVET ကဏ္ဍ၊ Natural Language Processing – NLP နှင့် AI Technology ကဏ္ဍစသည့် ကဏ္ဍကြီး(၅)ရပ်တွင် စာတမ်းပေါင်း (၁၀၀) ကျော်ဖတ်ကြားတင်သွင်းဆွေးနွေးသွားကြမည်ဟုသိရှိရကြောင်း၊ ထို့အပြင် သုတေသနပိုစတာပြပွဲများနှင့် အားဖြည့်ထားသည့်အတွက်နိုင်ငံတကာသုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုခြေလှမ်းအတွက် အားရဂုဏ်ယူကြောင်းကို ပြောကြားလိုကြောင်း၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍသည် ဆက်စပ်နေသောကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် သုတေသနလုပ်ငန်းများကို အထူးအားပေးသွားကြရမည်ဖြစ်ကြောင်း။

ယခု သုတေသနညီလာခံကြီးတွင် ရွေးချယ်ခံရသဖြင့် တင်သွင်းသည့် သုတေသနစာတမ်းများသည် ပညာရှင်အဆင့်စာတမ်းများဖြစ်သည်နှင့်အညီ ကမ္ဘာကအားကိုးအားထားပြုရသည့် နိုင်ငံတကာအသိအမှတ်ပြုစာတမ်းများဖြစ်ကြောင်း သိရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းကိုလည်း ပြောကြားလိုကြောင်း။

ယခုညီလာခံကြီးကို တက်ရောက်ရန် ကမ္ဘာ့နိုင်ငံအသီးသီးက ရောက်ရှိလာကြသည့် နိုင်ငံတကာသုတေသနပညာရှင်ကြီးများနှင့်အွန်လိုင်းက တက်ရောက်ဆွေးနွေးကြသည့်ပညာရှင်ကြီးများကို နွေးထွေးစွာ ဂုဏ်ပြုကြိုဆိုပါကြောင်း ပြောကြားလိုကြောင်း၊ ပညာရှင်ကြီးများ၏ပါဝင်မှုသည် ညီလာခံကြီး၏ ကြီးကျယ်ခမ်းနားမှုကို ထပ်လောင်း အားကောင်းစေမည်ဟု ယုံကြည်ပါကြောင်း၊ ပညာရှင်ကြီးများ၏ ကျွမ်းကျင်မှုပညာနှင့်သုတေသနစာတမ်းများဖတ်ကြားမှု၊ အကဲဖြတ်ဒိုင်များအဖြစ် ဆောင်ရွက်ပေးမှုနှင့်သုတေသနညီလာခံမှတ်တမ်းစာအုပ်များ တည်းဖြတ်ပေးမှုတို့သည် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု၏ပုံရိပ်ကောင်းတစ်ခုဖြစ်သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းကို ပြောကြားလိုကြောင်း၊ ထို့အပြင် နိုင်ငံတကာသုတေသနညီလာခံကြီးကို အစစအရာရာအဆင်ပြေချောမွေ့စွာကျင်းပနိုင်ရေး ဆောင်ရွက်ခဲ့ကြသည့် ညီလာခံကျင်းပရေးကော်မတီ၏ လုံ့လဝီရိယနှင့် ကြိုးစားအားထုတ်မှုများကို မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း။

ယခုကဲ့သို့ညီလာခံကြီးများမှတစ်ဆင့် တစ်ဦးနှင့်တစ်ဦး အသိပညာများ၊ အကြံကောင်းဉာဏ်ကောင်းများမျှဝေပေးကြရန်၊ ဘာသာရပ်တူသူများ၊ စိတ်ဝင်စားရာ ပညာရပ်နယ်ပယ်တူသူများ၊ ရည်မှန်းချက်တူသူများအချင်းချင်း သုတေသနပရောဂျက်များပူးပေါင်းဆောင်ရွက်ပြီး ရလဒ်ကောင်းများရှာဖွေဖော်ထုတ်ပေးကြရန်၊ သင်ထောက်ကူပစ္စည်းများ၊ သင်ကြားနည်းစနစ်များမျှဝေပေးခြင်း၊ online သင်တန်းများပို့ချခြင်းတို့နှင့် သင်ကြားရေးဆိုင်ရာရင်းမြစ်များတိုးတက်ရေးအတွက် ဖန်တီးပေးကြရန်တိုက်တွန်းပြောကြားလိုကြောင်း၊ အထူးသဖြင့် အရာရာကိုလေ့လာစူးစမ်းပြီး ရလဒ်အပေါ်အခြေခံသည့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်လိုကြသည့် လူငယ်လူရွယ်များအတွက် ယခုကဲ့သို့ သုတေသနညီလာခံများကျင်းပပေးခြင်းဖြင့် လူငယ်များ၏စူးစမ်းလေ့လာသုတေသနပြုလိုသည့် သုတေသနယဉ်ကျေးမှုကို ပြုစုပျိုးထောင်ပေးကြရန် တိုက်တွန်းလိုကြောင်း။

ပညာရေး၊ သိပ္ပံနှင့်နည်းပညာများ၏ စွမ်းပကားများနှင့် နောင်လာနောက်သားမျိုးဆက်တို့အတွက် ရေရှည်တည်တံ့ခိုင်မြဲပြီး တိုးတက်ကောင်းမွန်သည့်လူမှုစီးပွားဘဝနှင့်အတူ ပိုမိုတောက်ပသည့်အနာဂတ်ကို လက်ဆင့်ကမ်းပေးပြီး နိုင်ငံအကျိုး၊ ဒေသအကျိုး သယ်ပိုးထမ်းရွက်နိုင်ကြပါစေကြောင်းကို ဆုတောင်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ရန်ကုန်ပညာရေးတက္ကသိုလ်မှကျောင်းသား၊ ကျောင်းသူများ၊ တက္ကသိုလ်နှင့် ပညာရေးဒီဂရီကောလိပ်များမှ ကျောင်းသား၊ ကျောင်းသူများက ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ (၂၀၂၅) ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ(၂၀၂၅)အထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။


ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ခင်းကျင်းပြသထားသည့်ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ(၂၀၂၅)အထိမ်းအမှတ် ပိုစတာပြခန်းအား တစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုခဲ့ကြသည်။

အဆိုပါ ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ(၂၀၂၅)ကို **“ပညာရေး၊ သိပ္ပံနှင့်နည်းပညာစွမ်းပကားဖြင့် ပိုမိုကြွယ်ဝပြည့်စုံသော လူ့ဘောင်အဖွဲ့အစည်းအတွက် အနာဂတ်သို့ ညွှန်ပြခြင်း”**ဟူသည့် ဦးတည်ချက်နှင့်အညီ ဇန်နဝါရီလ ၉ ရက်မှ ၁၀ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ညီလာခံတွင် နိုင်ငံတကာမှ ဝါရင့်ပညာရှင်များနှင့် ပညာရှင်မျိုးဆက်သစ်များပါဝင်ကြပြီး နိုင်ငံပေါင်း ၁၆ နိုင်ငံနှင့်အဖွဲ့အစည်းပေါင်း ၄၅ ခုမှ ပညာရှင် ၆၂ ဦး၊ ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာန ၁၁ ခုနှင့် ပညာရေးအဖွဲ့အစည်းများမှ ပြည်တွင်း၊ ပြည်ပပညာရှင် ၄၀ ဦးတို့တက်ရောက်ကြမည်ဖြစ်ကာ Keynote Address (၆) ခု၊ Special Talk (၅)ခုနှင့် ပြည်တွင်း၊ ပြည်ပသုတေသနစာတမ်း (၁၃၃) စောင် ဖတ်ကြားတင်သွင်းသွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ညီလာခံကြီးကိုကျင်းပပြုလုပ်ခြင်းဖြင့် မြန်မာနိုင်ငံ၏ အနာဂတ်ပညာရေးနှင့် တိုင်းပြည်ကောင်းမွန်တိုးတက်စေရေး နိုင်ငံတော်နှင့် ဒေသတွင်းနိုင်ငံများ၏ နိုင်ငံ့စီးပွားမြင့်တင်နိုင်ရေး၊ လူမှုစီးပွားဘဝမြင့်မားလာစေရေးတို့အတွက် များစွာအကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ(၂၀၂၅)အထိမ်းအမှတ် ပိုစတာပြခန်းအား တစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာ လိုက်လံကြည့်ရှုစဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ(၂၀၂၅) အထိမ်းအမှတ် ပိုစတာပြခန်းအား တစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာ လိုက်လံကြည့်ရှုစဉ်။

**❖ ယခုကဲ့သို့ညီလာခံကြီးကိုကျင်းပပြုလုပ်ခြင်းဖြင့် မြန်မာနိုင်ငံ၏ အနာဂတ်ပညာရေးနှင့် တိုင်းပြည်ကောင်းမွန်တိုးတက်စေရေး နိုင်ငံတော်နှင့် ဒေသတွင်းနိုင်ငံများ၏နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေး၊ လူမှုစီးပွားဘဝမြင့်မားလာစေရေးတို့အတွက် များစွာအကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ် . . .**

# နိုင်ငံတစ်ခုကိုအဓိကဖန်တီးပုံဖော်ကြသူများသည် ယင်းနိုင်ငံ၏နိုင်ငံသားများပင်ဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် အသိပညာအတတ်ပညာပြည့်စုံသည့်၊ စဉ်းစားတွေးခေါ်မှုမြင့်မားသည့် နိုင်ငံသားများပေါ်များရေးကို ဦးတည်ကြိုးပမ်းလျက်ရှိ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်  ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ ကျောင်းသား၊ ကျောင်းသူများ၏ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပညာဆီမီးတိုင်ကို စက်ခလုတ်နှိပ်၍ထွန်းညှိပေးစဉ်။

❖ **ညီလာခံတွင် နိုင်ငံတကာမှ ဝါရင့်ပညာရှင်များနှင့် ပညာရှင်မျိုးဆက်သစ်များပါဝင်ကြပြီး နိုင်ငံပေါင်း ၁၆ နိုင်ငံနှင့် အဖွဲ့အစည်းပေါင်း ၄၅ ခုမှ ပညာရှင် ၆၂ ဦး၊ ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာန ၁၁ ခုနှင့် ပညာရေးအဖွဲ့အစည်းများမှ ပြည်တွင်း၊ ပြည်ပ ပညာရှင် ၄၀ ဦးတို့တက်ရောက်ကြမည်ဖြစ်ကာ Keynote Address (၆) ခု၊ Special Talk (၅)ခုနှင့် ပြည်တွင်း၊ ပြည်ပသုတေသနစာတမ်း (၁၃၃) စောင် ဖတ်ကြားတင်သွင်းသွားမည်ဖြစ် . . .**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ(၂၀၂၅)အထိမ်းအမှတ် ပိုစတာပြခန်းအား တစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာ လိုက်လံကြည့်ရှုစဉ်။

☆ရှေ့ဖုံးမှအဆက်

ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နိုင်ငံတကာသံရုံးများမှ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပညာရေးမှူးများ၊ ပါမောက္ခများ၊ ပညာရှင်များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပစာတမ်းရှင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ညီလာခံအခမ်းအနားမှခ်ဦးအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် အခမ်းအနားဒုတိယပိုင်းကို ဆက်လက်ကျင်းပပြုလုပ်ရာ ရန်ကုန်ပညာရေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများက “မင်္ဂလာပါ”သီချင်းဖြင့် နှုတ်ခွန်းဆက် ကပြဖျော်ဖြေကြသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ(၂၀၂၅) ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

ဎင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပညာဆီမီးတိုင်ကို စက်ခလုတ်နှိပ်၍ထွန်းညှိပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားရာတွင် နိုင်ငံတစ်ခုကို အဓိကဖန်တီးပုံဖော်ကြသူများသည် ယင်းနိုင်ငံ၏ နိုင်ငံသားများပင်ဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် အသိပညာ အတတ်ပညာပြည့်စုံသည့်၊ စဉ်းစားတွေးခေါ်မှုမြင့်မားသည့် နိုင်ငံသားများ ပေါ်များရေးကို ဦးတည်ကြိုးပမ်းလျက်ရှိကြောင်း၊ **"ပညာ"**သည် အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် **"အသိဉာဏ်"**ကို ရရှိစေကြောင်း၊ နိုင်ငံသားတိုင်း **"အသိဉာဏ်ပညာ"**ပြည့်စုံကြမှသာ နိုင်ငံအကျိုးသယ်ပိုးထမ်းရွက်နိုင်မည့် စွမ်းအားထက်မြက်သည့် အင်အားစုကြီးတစ်ရပ်ကို ထူထောင်နိုင်မည်ဖြစ်ကြောင်း။

ပညာသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ ထို့ကြောင့် တစ်နိုင်ငံလုံး အသိပညာအတတ်ပညာမြင့်မားတိုးတက်ရေးနှင့် ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာရေးသည်အရေးကြီးကြောင်း၊ မိမိတို့အစိုးရအနေဖြင့် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်အကောင်အထည်ဖော်အားပေးဆောင်ရွက်လျက်ရှိရာတွင် ယခုကျင်းပသည့် ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံကလည်း များစွာအထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း။

ညီလာခံဦးတည်ချက်ကို **"ပညာရေး၊ သိပ္ပံနှင့်နည်းပညာစွမ်းပကားဖြင့် ပိုမိုကြွယ်ဝပြည့်စုံသောလူ့ဘောင်အဖွဲ့အစည်းအတွက် အနာဂတ်သို့ညွှန်ပြခြင်း – Navigating the Future: Education, Science and Technology for Brighter and More Prosperous Societies."**ဟု သတ်မှတ်ထားသည်ကို တွေ့ရကြောင်း၊ ပညာရေး၊ သိပ္ပံနှင့်နည်းပညာဟူသည့် ကဏ္ဍသုံးရပ်သည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်လျက်ရှိပြီး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ပညာရေးဆိုင်ရာ အသုံးချသုတေသန နိုင်ငံတကာညီလာခံ (၂၀၂၅)အထိမ်းအမှတ် လက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။

သုတေသနနှင့် တီထွင်ဆန်းသစ်မှုများဖြင့် ပေါင်းစည်းလိုက်သည့်အခါ လူ့ဘောင်အဖွဲ့အစည်း ကြီးပွားတိုးတက်ရေးကိုဖန်တီးပေးနိုင်မည့် ထိရောက်အားကောင်းသည့် စွမ်းအားတစ်ရပ်ကို ပေါ်ထွန်းလာစေမည်ဖြစ်ကြောင်း။

သုတေသနဟူသည့် ဝေါဟာရသည် **"သုတ"** နှင့် **"ဧသန"** တို့ကို ပေါင်းစပ်ထားခြင်းဖြစ်ကြောင်း၊ **"သုတ"** ဟူသည်မှာ အကြားအမြင်ဖြစ်ပြီး **"ဧသန"** သည် ရှာမှီးခြင်းဖြစ်သည့်အတွက် **"သုတေသန"**ကို မြန်မာအဘိဓာန်တွင် **"တစ်စုံတစ်ခုကို ခြေခြေမြစ်မြစ်သိရန် စူးစမ်းရှာဖွေခြင်း"**ဟု ဖွင့်ဆိုထားကြောင်း၊ သုတေသနက ဗဟုသုတအသစ်များ၊ တွေ့ရှိချက်အသစ်များ၊ တီထွင်ဆန်းသစ်မှုအသစ်များကို ဖော်ထုတ်ပေးနိုင်ကြောင်း၊ လက်ရှိအယူအဆများကို သက်သေစိုက်ထူခိုင်မာစေနိုင်ကြောင်း၊ လက်တွေ့ရင်ဆိုင်နေရသည့်စိန်ခေါ်မှုများ၊ ပြဿနာများကိုဖြေရှင်းပေးနိုင်ပြီး ပညာရပ်ဆိုင်ရာ အသိအမြင်များကို ပိုမိုတိုးတက်မြင့်မားလာစေနိုင်ကြောင်း၊ ထို့ကြောင့် သုတေသနဟူသည်မှာ ဆန်းသစ်တီထွင်မှုနှင့်တိုးတက်မှုတို့ကို တွန်းအားပေးနိုင်စွမ်းရှိသည့်မောင်းနှင်အားတစ်ရပ်ဖြစ်သည်ဟု ဆိုနိုင်ကြောင်း။

သုတေသနလုပ်ငန်းများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် နည်းပညာသစ်များ ဖော်ထုတ်ပြီး ဈေးကွက်သစ်များ ချဲ့ထွင်နိုင်မည်ဖြစ်သကဲ့သို့ နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးအတွက် ကျွမ်းကျင်မှုအရည်အသွေးများနှင့် ပြည့်စုံသည့် ကျွမ်းကျင်လုပ်သားများကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် နိုင်ငံတကာသုတေသနညီလာခံကြီးမှ သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် ပူးပေါင်းဆောင်ရွက်မှုတံခါးသစ်ကို ဖွင့်လှစ်ပေးသွားလိမ့်မည်ဟု ယုံကြည်ကြောင်း။

နိုင်ငံတော်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးအတွက် ဦးတည်ချက်ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ခေတ်မီစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ရေး အတတ်ပညာရှင်များ လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးနှင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ(၂၀၂၅)အထိမ်းအမှတ် ပိုစတာပြခန်းအား တစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာ လိုက်လံကြည့်ရှုစဉ်။

**စာမျက်နှာ ၁၅ သို့** ✯

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# International Conference on Applied Research in Education (2025) opens with address delivered by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing



Senior General Min Aung Hlaing delivers an address at the International Conference on Applied Research in Education.

NAY PYI TAW January 9

The opening ceremony of International Conference on Applied Research in Education (2025) was held at MICC-II here this morning, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, SAC Joint Secretary General Ye Win Oo, SAC members, union ministers, union level officials, ambassadors of diplomatic missions in Myanmar, the Nay Pyi Taw Council chair, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, rectors, principals, education officers from regions and states, professors, scholars, officials of ministries, local and foreign resource persons, teachers and students.






International Conference on Applied Research in Education (2025) is in progress.



Senior General Min Aung Hlaing views an exhibition booth at the International Conference on Applied Research in Education.

First, Vice-Senior General Soe Win, General Ye Win Oo, SAC member General Mya Tun Oo, Union Minister for Education Dr Nyunt Pe, and Union Minister for Science and Technology Dr Myo Thein Kyaw formally opened the ceremony.

Senior General Min Aung Hlaing unveiled the arcade of the ceremony by pushing a button.

At the second part of the ceremony, students of Yangon Education University sang the greeting song "Mingalabar."

The Senior General lighted the education torch by pushing a button.

In his address, the Senior General said as the citizens are the keypersons to shape a country,

See Page - 21

# State Administration Council Chairman Prime Minister of the Republic of the Union of Myanmar Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing sends a message to the ceremony to mark the 77th Anniversary of Kachin State Day (10 January 2025)

**Esteemed ethnic national brethren in Kachin State,**

I frankly extend my greetings to all ethnic national brethren residing in Kachin State and entire national people living in all over the country to enjoy physical and mental well-being with good aspirations on the significant occasion of the 77th Anniversary of Kachin State Day which falls today.

All ethnic national groups in Myanmar have been residing in the same land in peace and unity since yore through thick and thin sharing the same fortune till today.

Myanmar with ethnic groups in unity has been standing tall in the global community grandly. After Myanmar has regained independence, the Kachin State Day was designated on 10 January as a gesture of honouring the formation of Kachin State government at the first session of the Kachin State Council Conference held on 10 January 1948. As the celebration to mark the **Kachin State Day** has been held yearly, now it turns 77 years.

Kachin State is rich in invaluable natural resources and it is blessed with fine natural environment and fertile soils which contribute much to thriving of crops. As Kachin State is an origin of streaming the beautiful River Ayeyawady along Myanmar, showcasing the panoramic scenes of the state. Wonderful mountains capped with snow year-round, the pleasant Indawgyi Lake and the attractive Myitsone river confluence are prominent scenic beauties of the state.

The beautiful state is home to more than 1.5 million population of Kachin ethnic groups such as Jaingphaw, Lachid, Lawwaw, Lisu, Rawam and Zaingwa together with Shan ethnic groups such as Tailon, Taileng, Taikhamti, Taisa and Tailay in addition to other ethnic nationals in fraternity.

The Kachin traditional Manaw festival is an integral symbol of Kachin State Day. The Manaw dance represents the culture and traditions of the Kachin ethnic group, performed in grandeur with traditional costumes. Hence, Manaw dance depicts unity of ethnic people from the state and contributes to cementing of peace and stability in the state.

Kachin State is endowed with sound foundations which can improve its economy in practically applying natural resources. Manufacturing finished products with the use of domestic raw materials can improve socio-economic life of residents and create employment opportunities.

Currently, the State Administration Council is striving for overall development of political, economic and social sectors of the country. Similarly, the government has pledged to continue development of the nation by building a Union based on democracy and federalism and restoring the durable peace across the nation in accord with the Our Three Main National Causes.

The State Administration Council is implementing a point of its Five-Point Roadmap, saying "Continued efforts will be made to promote the state economy and enhance the socio-economic situation of all people through expediting manufacturing businesses rooted in agriculture and livestock to benefit the entire National people."

The government and Tatmadaw will join hands with ethnic national people to achieve success in shaping a good present with the aim of initiating the peaceful and prosperous future for the sake of the State and ethnic national people.

It is essential for everyone to collaborate in achieving sustainable development through people-centered and inclusive efforts across agriculture, livestock, education, health, communications, and other sectors, to advance the development of Kachin State. It is necessary to place emphasis on adopting the economic framework to sustain and fairly allocate natural resources and encourage development of agriculture and livestock businesses to ensure food security. Moreover, I would like to urge all to harmoniously manage raw materials, inputs, capitals and technologies which are basic needs for thriving micro-, small- and medium-sized enterprises (MSMAE) and focus on regional development of the state.

The State Administration Council is initiating two political visions which are actual requirement of the state—exercising a genuine, disciplined multi-party democratic system and building a Union based on democracy and federalism. In doing so, all citizens have to join hands with the government and Tatmadaw in forging peace and stability of the State and restoring durable peace.

As the government is implementing the multi-party democratic system to ensure peace of the Union, it is essential for all to reduce different attitudes based on political, ethnical and religious grounds while striving for peacefully placing the Union on the trends of democracy and Hluttaw management. If so, political problems can be resolved in political ways. In initiating peace of the nation, only when all ethnic national brethren hold dialogues in political ways with the Union spirit to seek the solutions will they achieve success.

I would like to urge all ethnic national people to forge durable peace among national brethren in harmony and to serve the interests of the State through the united strength as now is the most important to restore the national unity.

At present, all ethnic national people are experiencing bitter sufferings on lack of security, peace and stability due to terror acts of some ethnic armed organizations and terrorist groups in the country. Hence, I would like to urge all ethnic groups and youths with full capacity of physical and mental strengths to stop the actions destroying interests of the State and nationals and to build a modern, developed, peaceful and prosperous Union in unison.

In conclusion, I send this message honouring the 77th Anniversary of Kachin State Day, deeply urging all ethnic people who adore the State and nationals with national spirit together with all ethnic national brethren of Kachin State to participate in initiating the peace foundation in their respective sectors for ensuring peace and stability of the State, forging durable peace, development of the national economy, improvement of socio-economic life, peace and prosperity of entire Union and rule of law.

**Senior General Thadoe Maha Tharay Sithu**
**Thadoe Thiri Thudhamma Min Aung Hlaing**
**Prime Minister**
**Chairman, State Administration Council**

## State Administration Council
## Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.
2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.
3. **The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**
4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.
5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

●● From Page - 21

helpful to knowledge promotion and production industry. The government is implementing an education system that is within everybody's reach and the current conference will be much supportive of it.

The objective of the conference is **"Navigating the Future: Education, Science and Technology for Brighter and More Prosperous Societies."** The three branches – education, science and technology – are intertwining one another, and they become an dynamic force for the prosperity of the human society when combined with research and innovation.

The word "research" means **"in search of knowledge."** The Myanmar dictionary defines **it as an activity to find something thoroughly.** Research can discover new general knowledge, enter new areas and find new innovations. It can also serve as a proof for the new solidifying new ideas, solve the challenges and broaden the scope academic knowledge. So, research can be termed as a driving force for innovations and progress.

Research activities will facilitate the development of new technologies for Micro, Small and Medium Enterprises, foster the expansion of new markets, and contribute to the production of skilled workers equipped with the necessary skills and qualifications for technical and vocational education and training. Today's international research conference is expected to open new doors for important collaboration in research and development.

The state is enforcing a policy aimed at advancing agriculture and farming through modern methods to ensure the country's prosperity and food security, while also promoting the comprehensive development of other economic sectors. Experts will be essential for the successful implementation of modern farming practices. To produce human resources in agriculture, livestock, and industrial technology, 85 basic education high schools are being established in various districts, offering industrial, agricultural, and farming education. These schools will be accessible to individuals who have completed KG+9. Through this initiative, individuals who achieve excellent results will have the opportunity to pursue further education at relevant universities and colleges. As the country continues to require a significant number of experts, the state is taking measures to develop knowledgeable and skilled human resources. Officials, teachers, and students are encouraged to work together in this effort.



Senior General Min Aung Hlaing views a poster exhibition booth at the International Conference on Applied Research in Education.

The expansion of research activities that contribute to increasing productivity must be encouraged. If new technologies, developed from research findings, can be transferred to industries and knowledge shared with organizations requiring such findings, it will be possible to effectively support the national economy's development in a short time.

At the International Conference on Applied Research in Education 2025, held today, distinguished academic figures and researchers from both domestic and international backgrounds will share their knowledge and expertise through keynote speeches. More than 100 papers will be read, presented, and discussed across five major sections: Teacher Education, Arts and Sciences, Ocean and Earth Sciences, MSME and TVET, and Natural Language Processing (NLP) and AI Technology.In addition, pride is expressed in the step taken by international research collaborations, which is further enriched by the inclusion of research poster exhibitions. As research and development are closely interconnected, the government must provide special encouragement for research activities.

Pride and joy are also expressed in knowing that the research papers selected and submitted at this conference are scholarly and internationally recognized, serving as reliable sources for the world.

A warm welcome is extended to the international researchers and scholars who have traveled from around the world to attend this conference, as well as to those participating online. The participation of eminent scholars is believed to further enhance the grandeur of the conference. Gratitude is expressed for the expertise of the experts, who have contributed by reading research papers, serving as reviewers, and editing the proceedings of the conference, as they exemplify excellent international cooperation. In addition, the diligence and efforts of the conference organizing committee are acknowledged, as they worked tirelessly to ensure the smooth operation of the international research conference.

I would like to urge all to share knowledge and good ideas through such conferences, to cooperate with people of the same academic fields of interest and goals in research projects to get better outcomes, to create development of teaching resources by sharing teaching aids and techniques and conducting online courses, especially for youths who are keen on conducting result-based research in every field of study to cultivate the research culture by organizing such conferences.

In conclusion, the Senior General expressed his wish for all to serve the interests of regions and the country by handing down a brighter future with sustainable and better social lives for new generations through the power of education, science and technology.

Then, students from Yangon University of Education and universities and colleges of education performed music and dances honouring the international conference on educational applied research (2025).

Afterward, Union Minister for Education Dr Nyunt Pe presented a commemorative gift of the conference to the Senior General.

Then, the Senior General and attendees posed for documentary photographs.

Afterward, the Senior General and attendees viewed the poster exhibition commemorating the conference.

The conference is being organized under the theme of **"Navigating the Future: Education, Science and Technology for Brighter and More Prosperous Societies."** from 9 to 10 January. Senior experts from the international community and new generation scholars including 62 experts from 16 countries and 45 organizations and 40 scholars from the Ministry of Education and 11 relevant ministries will participate in the conference. Six keynote addresses, five special talks and 133 international and local research papers will be submitted at the conference. Organizing the conference will greatly contribute to the future education and prosperity of Myanmar and boost the economies and socioeconomic lives of the country and regional countries.

**100**

# Local farmers complete harvest of groundnut in Katha District

KATHA January 9

A total of 594 acres of groundnut has been harvested in Katha District of Sagaing Region, according to the statistics of Katha District Agriculture Department.

In 2024-2025 monsoon season, local farmers planted 744 acres of groundnut in Katha District. They started harvest of groundnut in August and so far have harvested 594 acres of groundnut plantations. It yielded 42.38 baskets of groundnut per acre.

U Myint Soe, Head of District Agriculture Department commented: "This year, Katha District could grow 744 acres of groundnut. Now, local farmers are harvesting groundnut plantations. So far, they have harvested 594 acres of crops. Oil crops are thriving in the district. Sown acreage of groundnut is on the rise yearly."

In Katha District, Katha Township harvested 184 acres of groundnut, Htigyaing Township 32 acres and Bamauk Township, 378 acres, totalling 594.

Farmers need to use 1.5 baskets of quality seeds per acre for growing groundnut and they have to spend more than Ks-200,000 per acre for quality seeds of groundnut, labour charge, fertilizers and pesticides. The crop can yield more than 40 baskets per acre.

This year, officials of the relevant Township Agriculture Department help local farmers nurture groundnut plants for thriving, prevent pests and weed crop plantation for increased per-acre yield.

**SMK**

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing receives Minister of Foreign Affairs of the Republic of Belarus



Senior General Min Aung Hlaing meets with Minister of Foreign Affairs of the Republic of Belarus H.E. Mr. Maxim RYZHENKOV.

NAY PYI TAW January 9

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing met with Minister of Foreign Affairs of the Republic of Belarus H.E. Mr. Maxim RYZHENKOV, this afternoon at the SAC Chairman's Office in Nay Pyi Taw, in the Credentials Hall.

Attending the meeting were SAC Joint Secretary General Ye Win Oo, SAC member General Nyo Saw, Deputy Prime Minister and Union Minister for Foreign Affairs U Than Swe, Union Ministers Dr. Kan Zaw and U Tun Ohn, Deputy Ministers, and other officials. Also present were H.E. Mr. Uladzimir BARAVIKOU, Ambassador of Belarus to Myanmar based in Hanoi, along with Deputy Ministers and delegation members from the Ministry of Industry, Ministry of Health, and Ministry of Agriculture and Food of Belarus.

During the meeting, the two sides discussed the progress of friendly relations and cooperation between the two countries, the enhancement of diplomatic and trade relations, and collaboration in various sectors such as education, agriculture, livestock, pharmaceuticals, industry, and tourism. They also discussed promoting cooperation in other fields, sending scholars for science and technology training, enhancing defence cooperation, the political developments in Myanmar, and the ongoing preparations for holding free and fair elections to the best of their ability.

Following the meeting, the Chairman of the State Administration Council Prime Minister exchanged commemorative gifts with the Minister of Foreign Affairs of Belarus, and they posed for a group photo.

100

---

●● From Page - 18

Myanmar is striving to increase the population of intellectuals and intelligentsia, having the high thinking power. **Education** improves the brain to distinguish between right and wrong and good and bad. The country will be able to establish a powerful force that can service its interest only if every citizen is **intelligent**.

Education is the foundation of national development. So it is important to increase the number of scholars that are

See Page - 20 ●●



Vice-Senior General Soe Win, General Ye Win Oo, SAC member General Mya Tun Oo, Union Minister for Education Dr Nyunt Pe, and Union Minister for Science and Technology Dr Myo Thein Kyaw formally open the ceremony.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ကချင်ပြည်နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ကြည့်ရှုစစ်ဆေး



မြစ်ကြီးနား ဇန်နဝါရီ ၉

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ရှိအမှတ်(၁)နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကချင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ကချင်ပြည်နယ်ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာနရုံးနှင့် သင်တန်းကျောင်းတို့မှ ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံ၍ နယ်စပ်ရေးရာဝန်ကြီးဌာန၏ မူဝါဒ(၄)ရပ်ဖြစ်သည့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး၊ နယ်စပ်ဒေသနေတိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေး စသည့်မူဝါဒများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် အစဉ်အားထုတ် ကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ ကျောင်းဝင်းအတွင်းရှိ အိပ်ဆောင်များ၊ စားရိပ်သာများ၊ စာကြည့်တိုက်နှင့် ရာသီသီးနှံစိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဧရာရပ်ကွက်အတွင်းရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာဝင်း အုတ်ခြံစည်းရိုးဆောင်ရွက်ထားရှိမှုနှင့် ကွန်ကရစ်လမ်း ဆောင်ရွက်ထားရှိမှု၊ ဝန်ထမ်းအိမ်ရာလိုင်းခန်းများအခြေအနေနှင့် ရာသီသီးနှံစိုက်ပျိုးထားရှိမှုများကိုလည်းကောင်း၊ အမှတ်(၂) နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ကျောင်းဝင်းအတွင်းရှိ အိပ်ဆောင်များ၊ စားရိပ်သာများ၊ စာကြည့်တိုက်နှင့် ရာသီသီးနှံစိုက်ပျိုးထားရှိမှုများကိုလည်းကောင်း၊ ကျောင်းဝင်းအတွင်း တည်ဆောက်လျက်ရှိသည့် ခန်းမဆောင်ဆောက်လုပ်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကချင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး ရုံးဝင်းအတွင်းရှိဝန်ထမ်းအိမ်ရာများနှင့် ရာသီသီးနှံစိုက်ပျိုးထားရှိမှုတို့ကိုကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

# ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ (၂၀၂၅)တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ Keynote Address ပြောကြား



နေပြည်တော် ဇန်နဝါရီ ၉

ပညာရေးဆိုင်ရာ အသုံးချသုတေသန နိုင်ငံတကာညီလာခံ (၂၀၂၅)ကို ဇန်နဝါရီလ ၉ ရက်မှ ၁၀ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)တွင်ကျင်းပလျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင်ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက Keynote Address ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် မျက်မှောက်ကမ္ဘာ့ပညာရေးနယ်ပယ်တွင် လက်တွေ့ကြုံတွေ့နေရသည့်စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည့် သုတေသနနှင့် တီထွင်ဆန်းသစ်မှုအသစ်များ၊ တွေ့ရှိချက်အသစ်များ၊ နည်းစနစ်အသစ်များကို သိရှိခွင့်ဆွေးနွေးခွင့်ရကြမည်ဖြစ်ကြောင်း၊ ထို့အတူ မြန်မာနိုင်ငံရှိ တက္ကသိုလ် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၏ သုတေသနစွမ်းရည်ကို တိုးတက်မြင့်မားလာစေမည့်အပြင် New generation ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် ခေတ်မီနည်းပညာနှင့်အသိပညာဖလှယ်မှုအတွက် သိသာထင်ရှားသည့်ပံ့ပိုးကူညီမှုများရရှိကြပြီး မိမိတို့ပြုလုပ်နေကြသည့် ပါရဂူကျမ်းများအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

ထို့ပြင် သုတေသနညီလာခံကို တက်ရောက်လာသည့် နိုင်ငံတကာမှ သုတေသနပညာရှင်များနှင့် မြန်မာနိုင်ငံတက္ကသိုလ်များရှိသုတေသနပညာရှင်များအကြား သုတေသနဆိုင်ရာအတွေ့အကြုံနည်းလမ်းနှင့် ပညာရပ်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆွေးနွေးနိုင်ပြီး အမြင်ချင်းဖလှယ်နိုင်မည်ဖြစ်သည့်အပြင် မိတ်ဖက်နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုကိုပါ တိုးမြှင့်စေမည်ဟု ယုံကြည်ကြောင်း။

ထို့ကြောင့်မြန်မာနိုင်ငံရှိတက္ကသိုလ်များ၊ ပညာရေးဆိုင်ရာအဖွဲ့အစည်းများမှ ပညာရေးနယ်ပယ်အလိုက် ကျွမ်းကျင်သူများနှင့် နိုင်ငံတကာပညာရေး နယ်ပယ်အလိုက် ကျွမ်းကျင်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ကြသည့် **ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ(၂၀၂၅) [International Conference on Applied Research in Education(2025)]**မှ မြန်မာနိုင်ငံ၏ အနာဂတ်ပညာရေးနှင့်တိုးပြည်ကောင်းမွန်တိုးတက်စေရေး၊ နိုင်ငံတော်နှင့်ဒေသတွင်းနိုင်ငံများ၏ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေး၊ လူမှုစီးပွားဘဝ မြင့်မားလာစေရေးတို့အတွက်များစွာအကျိုးရှိမည်ဟု ယုံကြည်မိပါကြောင်းပြောကြားသည်။

ထို့နောက် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ရုရှားနိုင်ငံ၊ အရှေ့တောင်အာရှပညာရေးဝန်ကြီးများအဖွဲ့ ဆီမီယိုအတွင်းရေးမှူးချုပ်ရုံးနှင့် ဗီယက်နမ်နိုင်ငံတို့မှ ပညာရေးဆိုင်ရာတာဝန်ရှိသူများက ဂုဏ်ယူဝမ်းမြောက်စကားပြောကြားကြသည်။

ယင်းနောက် ကမ္ဘောဒီးယား၊ ဂျပန်၊ မြန်မာ၊ ဖိလစ်ပိုင်နိုင်ငံတို့မှ ပညာရှင်များက Keynote Address ပြောကြားကြပြီး တရုတ်၊ အိန္ဒိယ၊ မြန်မာ၊ ထိုင်းနိုင်ငံတို့မှ ပညာရှင်များက Special Talk များ ပြောကြားကြသည်။

အဆိုပါ ပညာရေးဆိုင်ရာအသုံးချသုတေသနနိုင်ငံတကာညီလာခံသို့ ဝါရင့်ပညာရှင်များနှင့် ပညာရှင်မျိုးဆက်သစ်များ စုံလင်စွာပါဝင်ကြပြီး နိုင်ငံပေါင်း ၁၆ နိုင်ငံနှင့် အဖွဲ့အစည်းပေါင်း ၄၅ ခုမှ နိုင်ငံတကာပညာရှင် ၆၂ ဦး၊ ပညာရေးဝန်ကြီးဌာနနှင့်ဆက်စပ်ဝန်ကြီးဌာန ၁၁ ခုမှ ပြည်တွင်း၊ ပြည်ပပညာရှင် ၄၀ ဦးတို့ တက်ရောက်ကြပြီး Keynote Address ၆ ခု၊ Special Talk ၅ ခုနှင့် ပြည်တွင်းပြည်ပသုတေသနစာတမ်း ၁၃၃ စောင် ဖတ်ကြားတင်သွင်းကြမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# ထိုင်းနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် General Detnitit Luangngamkum ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံရှိ အထင်ကရနေရာများသို့လှည့်လည်ကြည့်ရှုလေ့လာ



နေပြည်တော် ဇန်နဝါရီ ၉

ထိုင်းနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် General Detnitit Luangngamkum ဦးဆောင်သည့် ထိုင်းနိုင်ငံစစ်မှုထမ်းဟောင်းကိုယ်စားလှယ်အဖွဲ့သည် လေ့လာရေးခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့ ဇန်နဝါရီလ ၆ ရက်က ရောက်ရှိခဲ့ကြသည်။

အဆိုပါထိုင်းနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သောအဖွဲ့သည် မြန်မာနိုင်ငံသို့ရောက်ရှိစဉ်အတွင်း ဇန်နဝါရီလ ၆ ရက်က ရန်ကုန်မြို့ရှိ မြန်မာ့သားကောင်း အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာသို့ သွားရောက်လေ့လာခဲ့ကြပြီး ဗိုလ်တထောင်ဘုရားနှင့် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ထိုင်းနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သောအဖွဲ့သည် ဇန်နဝါရီလ ၇ ရက်က နေပြည်တော်၌ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး၍ တပ်မတော်စစ်သမိုင်းပြတိုက်နှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်လေ့လာဖူးမြော်ကြည်ညိုပြီး ဇန်နဝါရီလ ၈ ရက်တွင် မန္တလေးမြို့ရှိဈေးချိုနှင့် မန္တလေးတောင်သို့လည်းကောင်း၊ ဇန်နဝါရီလ ၉ ရက်တွင် မြနန်းစံကျော်ရွှေနန်းတော်သို့လည်းကောင်း သွားရောက်လေ့လာပြီး မန္တလေးမြို့မှ ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ၂၀၂၄ ခုနှစ် အင်ဒို-ပစိဖိတ်ဒေသ၌ လုပ်ဆောင်ခဲ့သည့် စစ်ရေးဆောင်ရွက်မှုများ

အာရှဒေသအပါအဝင် ကမ္ဘာ့နိုင်ငံအများအပြားသည် ပြောင်းလဲလာသည့် ပထဝီနိုင်ငံရေး အခြေအနေများကြောင့် ယခုအခါ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုလုပ်ဆောင်လာခဲ့ကြသည်။ ထိုသို့ လုပ်ဆောင်ရာတွင် မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းစစ်ရေးလေ့ကျင့်ခြင်း၊ ကာကွယ်ရေးနည်းပညာနှင့် အတွေ့အကြုံများ အပြန်အလှန်ဖလှယ်ခြင်း၊ မိတ်ဖက်နိုင်ငံများ၏ကာကွယ်ရေး စွမ်းဆောင်ရည်တိုးတက်လာစေရေးအတွက် အကူအညီများပေးအပ်ခြင်းတို့ကိုလုပ်ဆောင်လာခဲ့ကြသည်။



ထို့ပြင် နိုင်ငံစုံပူးတွဲစစ်ရေးလေ့ကျင့်မှုများတွင် ပါဝင်လေ့ကျင့်ခြင်း၊ ဆိုက်ဘာလုံခြုံရေး၊ လေကြောင်းရန်ကာကွယ်ရေး၊ ပင်လယ်ရေကြောင်းလုံခြုံရေး စသည့် ကိစ္စရပ်များတွင် စစ်ရေးမိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အကြံဉာဏ်များ အပြန်အလှန်ရယူခြင်းတို့ကိုပါ လုပ်ဆောင်လာခဲ့ကြသည်။ သို့ဖြစ်ရာ ၂၀၂၄ ခုနှစ်အတွင်း အာရှနိုင်ငံများကြားလုပ်ဆောင်ခဲ့သည့်ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုများစွာအနက်မှ အချို့ကို ကောက်နုတ်တင်ပြလိုက်ရပါသည်။

**ဂျပန်နှင့်ဖိလစ်ပိုင်တို့ကြား ပူးပေါင်းဆောင်ရွက်မှု**

ဂျပန်နိုင်ငံသည် ၎င်းတို့၏ ၂၀၂၄ ဘဏ္ဍာနှစ်အတွက် တရားဝင်လုံခြုံရေးဆိုင်ရာ အကူအညီအဖြစ် ဖိလစ်ပိုင်နိုင်ငံသို့ အနည်းဆုံး ယန်း ၁ ဒသမ ၆ ဘီလီယံ တန်ဖိုးရှိ ကာကွယ်ရေးပစ္စည်းများကို ထောက်ပံ့ပေးမည့် သဘောတူညီချက်တစ်ရပ်ကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော်၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၅ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါသဘောတူညီချက်ကို ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ ဂျပန်သံအမတ် အန်ဒိုနှင့် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး အန်းရစ်မာနာလိုတို့က ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီး ဂီလ်ဘတ်တို တိုယိုဒိုရို၏ရှေ့မှောက်တွင် လက်မှတ်ရေးထိုးခြင်းဖြစ်သည်။

ဂျပန်နိုင်ငံက ဖိလစ်ပိုင်နိုင်ငံသို့ပေးအပ်မည့်အကူအညီများတွင် လေထိုးနိုင်သည့် လှေများ၊ ကမ်းရိုးတန်းစောင့်ကြည့်ရေး ရေဒါများနှင့် ဖိလစ်ပိုင်ရေတပ်မတော်၏ ရေကြောင်းစောင့်ကြည့်မှုစွမ်းရည်တိုးတက်ကောင်းမွန်စေရေး အထောက်အကူပြုသည့် ပစ္စည်းကိရိယာများပါဝင်သည်။ ထို့ပြင် ဖိလစ်ပိုင်လေတပ်အနေဖြင့်လည်း ၎င်းတို့၏ဝေဟင်စောင့်ကြည့်ထောက်လှမ်းရေးရေဒါအတွက် လိုအပ်သည့်အပိုပစ္စည်းများကို လက်ခံရရှိမည်ဖြစ်သည်။ ဂျပန်နိုင်ငံသည် အဆိုပါရေဒါအား ဖိလစ်ပိုင်လေတပ်သို့အစောပိုင်းကတည်းက ထောက်ပံ့ပေးခဲ့ပြီးဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံသည် အစိုးရအဖွဲ့များကြား သဘောတူချမှတ်ထားသည့် လွှဲပြောင်းပေးရေး သဘောတူညီချက်အရ ဒေါ်လာ ၁၀၃ ဒသမ ၅ သန်းခန့် တန်ဖိုးရှိ ရွေ့လျားနိုင်သည့် ရေဒါစနစ်တစ်ခုကိုလည်းရရှိထားပြီးဖြစ်သည်။ အဆိုပါရေဒါစနစ်ကို Mitsubishi Electric ကုမ္ပဏီက ထုတ်လုပ်ထားခြင်းဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံသို့ ၂၀၂၃ ခုနှစ်ကတည်းက လွှဲပြောင်းပေးထားပြီးဖြစ်သည်။

ထို့ပြင် ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့ကလည်း ဂျပန်နိုင်ငံနှင့်သဘောတူညီချက်ချမှတ်ထားသည့် ကာကွယ်ရေးပစ္စည်းငှားရမ်းခွင့်ပြုရေးသဘောတူညီချက်အရ အရှည် ၄၄ မီတာနှင့် ၉၄ မီတာရှိဘက်စုံသုံး အလျင်အမြန်တုံ့ပြန်ရေးရေယာဉ်များကို လက်ခံရရှိထားသည်။

**ပစိဖိတ်စစ်နယ်ဝန်းသို့ သင်္ဘောဖျက်ဒုံးကျည်စနစ်ကို ဖြန့်ကြက်ခဲ့သည့် အမေရိကန်**

အမေရိကန်စစ်ဘက်သည် ဟာဝိုင်အီရှိ အမှတ် (၃) ကမ်းနီးတပ်ရင်းကြီးသို့ မြေပြင်အခြေပြုသင်္ဘောဖျက်ဒုံးကျည်စနစ်တစ်ခုကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်းက ဖြန့်ကြက်ခဲ့သည်။ အဆိုပါဒုံးကျည်စနစ်သည် Kongsberg Defense Aerospace နှင့် Raytheon တို့ကထုတ်လုပ်သည့် ပစ်မှတ်ကိုတိကျစွာတိုက်ခိုက်နိုင်သော ရေတပ်သုံးဒုံးကျည်ကို အသုံးပြုမည်ဖြစ်သည်။



အဆိုပါဒုံးကျည်စနစ်သည် ရေမိုင် ၁၀၀ (မိုင် ၁၈၅ မိုင်ခန့်)အကွာမှ ရွေ့လျားနေသည့် ပစ်မှတ် သို့မဟုတ် ကုန်းပေါ်ရှိပစ်မှတ်တို့ကို ရှာဖွေထောက်လှမ်း၍ တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိသည်။ အမေရိကန်စစ်ဘက်သည် အဆိုပါဒုံးကျည်စနစ်ကို အမှတ် (၃) ကမ်းနီးတပ်ရင်းကြီးသို့ ၂၀၂၃ ခုနှစ်ကတည်းက ဖြန့်ကြက်ရန်စီစဉ်ခဲ့ခြင်းဖြစ်သော်လည်း အစီအစဉ်အား ရွှေ့ဆိုင်းခဲ့ရသည်။

အမေရိကန်စစ်ဘက်သည် အဆိုပါ မြေပြင်အခြေပြု သင်္ဘောဖျက်ဒုံးကျည်စနစ်ကို ကမ်းတပ်ဖွဲ့ဝင်အချို့တပ်စွဲထားသည့် ကျွန်းများပေါ် ဖြန့်ကြက်ရန်ရည်ရွယ်ထားသည်။ ရည်ရွယ်ချက်မှာ အခြားပြိုင်ဘက်နိုင်ငံများ၏ရေတပ်သင်္ဘောများအား ပစ်မှတ်ထားဟန့်တားရန်ဖြစ်သည်။

မကြာမီကလုပ်ဆောင်ခဲ့သည့် RIMPAC စစ်ရေးလေ့ကျင့်မှုတွင် အမေရိကန်ကမ်းတပ်ဖွဲ့ဝင်များသည် အဆိုပါဒုံးကျည်နှစ်စင်းကို ပစ်ခတ်လေ့ကျင့်ခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် အင်ဒို-ပစိဖိတ်ဒေသတွင် တရုတ်၏ အင်အားကြီးထွားလာမှုအား တန်ပြန်ရန်အတွက် နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိရာ အမေရိကန်၏အဆိုပါလုပ်ဆောင်မှုကြောင့် လာမည့်အနာဂတ်ကာလတွင် အင်ဒို-ပစိဖိတ်ဒေသအတွင်း အင်အားကြီးနိုင်ငံများကြား ပြိုင်ဆိုင်မှုများမြင့်တက်လာနိုင်သည်။ ။

Ref: AMR

နိုင်အောင်

# ရေအောက်အခြေခံအဆောက်အဦများကိုကာကွယ်ရန်အတွက် နေတိုးက ဘောတစ်ပင်လယ်သို့ စစ်ရေယာဉ် ၁၀ စင်းခန့်စေလွှတ်မည်



**မော်စကို၊ စစ်ရေး**

နေတိုးအဖွဲ့အနေဖြင့် ရေအောက်အခြေခံအဆောက်အဦများကို ကာကွယ်ရန်အတွက် ဘောတစ်ပင်လယ်သို့ စစ်ရေယာဉ် ၁၀ စင်းခန့်စေလွှတ်မည်ဖြစ်ကြောင်း အဆိုပါအဖွဲ့၏ ပြောကြားချက်ကို ကိုးကား၍ နီးစပ်သည့် သတင်းအရင်းအမြစ်များကပြောသည်။

နေတိုးတပ်ဖွဲ့မှ စစ်သင်္ဘောများသည် ဘောတစ်ပင်လယ်သို့ ယခုသီတင်းပတ်အကုန်ပိုင်းတွင် ရောက်ရှိမည်ဖြစ်ပြီး ၎င်းသင်္ဘောများသည် စွမ်းအင်နှင့်တယ်လီကွန်မြူနီကေးရှင်းဆိုင်ရာ ဆက်သွယ်ရေးကြိုးများအနီးတွင် နေရာယူသွားမည်ဖြစ်ကြောင်း ဖင်လန်သတင်းဌာနတစ်ခုကထုတ်ပြန်သည်။

အဆိုပါဒေသအတွင်းရှိ ရေအောက်ကေဘယ်လ်ကြိုးများသည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ပြတ်တောက်သွားခဲ့ရာ ၎င်းကြိုးများအနက် သုံးကြိုးမှာ ဖင်လန်နှင့် အက်စတိုးနီးယားတို့ကြား ဆက်သွယ်ထားသောကြိုးများဖြစ်ပြီး ကျန်တစ်ကြိုးမှာ ဖင်လန်နှင့်ဂျာမနီတို့ကြား ဆက်သွယ်ထားကြောင်းသိရသည်။

Ref: SP

# တောမီးလောင်ကျွမ်းမှုကြောင့် ကယ်လီဖိုးနီးယားပြည်နယ်တွင် လူငါးဦးသေဆုံးပြီး နေအိမ်များစွာပျက်စီး

**လော့အိန်ဂျလိ၊ သဘာဝဘေးအန္တရာယ်**

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် လော့အိန်ဂျလိမြို့အနီးတွင် ဇန်နဝါရီလ ၈ ရက် တောမီးလောင်ကျွမ်းမှုကြောင့် အနည်းဆုံးလူငါးဦးသေဆုံးပြီး လူနေအိမ်ရာပေါင်းများစွာပျက်စီးသွားကြောင်း သိရသည်။

တောမီးလောင်ကျွမ်းမှုကြောင့် ပြည်သူ ၁၀၀၀၀၀ ကျော်မှာ နေအိမ်များကိုစွန့်ခွာ၍ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန်တိုက်တွန်းခဲ့ရပြီး ရာသီဥတုခြောက်သွေ့မှုကြောင့် ဇန်နဝါရီလ ၈ ရက်တွင် ဟောလီဝုဒ်ဟေးတွင် ဖြစ်ပွားသည့် တောမီးကြောင့် သစ်တောဧက ဟက်တာ ၂၀ ကျော်မီးလောင်ကျွမ်းသွားခဲ့ကြောင်း ကယ်လီဖိုးနီးယားပြည်နယ် သစ်တောနှင့်မီးဘေးကာကွယ်ရေးဌာနကပြောသည်။


တောမီးလောင်ကျွမ်းမှုကြောင့် လော့အိန်ဂျလိမြို့ရှိနေအိမ်နှင့် စီးပွားရေးလုပ်ငန်း ၃၀၀၀၀၀ နီးပါးမှာ လျှပ်စစ်မီးများပြတ်တောက်မှုနှင့် ရင်ဆိုင်ရလျက်ရှိကြောင်းသိရသည်။

အဆိုပါ တောမီးလောင်ကျွမ်းမှုသည် ကနဦးတွင် လော့အိန်ဂျလိမြို့ရှိ Pacific Palisades ရပ်ကွက်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး ဇန်နဝါရီလ ၇ ရက် မွန်းလွဲအချိန်မှာပင် သစ်တောဧက ၁၂၆၀ ပျက်စီးသွားခဲ့ပြီဖြစ်ကြောင်းသိရသည်။

Ref: ST



# မြစ်ကြီးနားမြို့ပေါ်ရှိ သမဝါယမအသင်းလီမိတက်ပိုင်ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကြည့်ရှုစစ်ဆေး



**မြစ်ကြီးနား ဇန်နဝါရီ ၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး သည် ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်ထွေး၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက ကချင်ပြည်နယ် အတွင်းရှိ ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာအရာထမ်းနှင့် ဆွတ်ဂျာအိန်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် အားလုံးက ညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းဆောင်ရွက်သူများက အကူအညီတောင်းခံလာပါက တတ်နိုင်သမျှ ပေါင်းစပ်၍ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်အစိုးရအဖွဲ့၏ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သော မြစ်ကြီးနားမြို့ ရွှေညောင်ပင်ရပ်ကွက်ရှိ "စူပါဝမ်း" နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်ရေးသမဝါယမအသင်းလီမိတက်၏လုပ်ငန်းလည်ပတ် ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ရမ်ပူရပ်ကွက်ရှိ "ဂျိန်းဖောသူ" စက်မှုလက်မှုရက်ကန်းကုန်ထုတ် သမဝါယမအသင်း၌ ကချင်ရိုးရာအဝတ်အထည်များအား စက်ရက်ကန်း၊ လက်ရက်ကန်းဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေမှုကို လည်းကောင်း သွားရောက်ကြည့်ရှုပြီး ဈေးကွက်ရရှိမှုအခြေအနေများ၊ လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲနှင့် လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် တွေ့ဆုံဆွေးနွေး



**မြစ်ကြီးနား ဇန်နဝါရီ ၉**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ရောက်ရှိနေသောတိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက မြစ်ကြီးနားမြို့ရှိ ဧရာဝတီဧည့်ရိပ်သာ၌ ကချင်ပြည်နယ်အတွင်းရှိတိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များ အနေဖြင့် တရားဝင်သတ်မှတ်ချက်ဥပဒေနှင့်အညီ မှတ်ပုံတင်ထားရှိရန်လိုအပ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေနှင့်အညီ စနစ်တကျမှတ်ပုံတင်နိုင်ရေးကိစ္စနှင့် တိုင်းရင်းသားများအတွက် တိုက်ရိုက်အကျိုးခံစားရစေမည့်လုပ်ငန်းများကို နိုင်ငံတော်၏လုံခြုံရေးနှင့်အမျိုးသားအကျိုးစီးပွားကို မထိခိုက်စေဘဲ ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းရင်းသားဒေသများတွင် စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာ၌ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာအရ သက်ဆိုင်သည့်မြေများပါဝင်မှုရှိ၊ မရှိ အချိန်နှင့်တစ်ပြေးညီ ကွင်းဆင်းစိစစ်ပြီး ဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲမှုဗဟိုကော်မတီသို့ သဘောထားမှတ်ချက်များ ပြန်ကြားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယနေ့တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၏ တင်ပြချက်များကို စနစ်တကျမှတ်သားပြီး သက်ဆိုင်ရာဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးက ကချင်ပြည်နယ်အတွင်း တိုင်းရင်းသားရေးရာနှင့် ဒေသအတွင်းဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးတို့က လိုအပ်သည်များကိုပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးတို့က ကချင်၊ ဂျိန်းဖော၊ လော်ဝေါ်၊ လီဆူ၊ လာချိဒ်၊ ရဝမ်၊ ဇိုင်ဝါး၊ တိုင်းခမ်းတီ၊ တိုင်းလေ၊ တိုင်းလုံ၊ တိုင်းဆာ၊ တိုင်းလိုင်၊ ကရင်၊ ဗမာနှင့် ရခိုင်တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များကို ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# တရားမဝင်ဓာတ်အားရယူသုံးစွဲမှုများ မရှိစေရေး တာဝန်ရှိသူအဆင့်ဆင့်က စစ်ဆေးကြပ်မတ်သွားရန်လိုအပ်

**နေပြည်တော် ဇန်နဝါရီ ၉**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ယမန်နေ့မွန်းလွဲပိုင်းက မြစ်ကြီးနားမြို့ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၌ကျင်းပသည့် ကချင်ပြည်နယ်အတွင်းရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှုနှင့် စပ်လျဉ်းသည့်တွေ့ဆုံညှိနှိုင်းပွဲသို့ တက်ရောက်သည်။

အဆိုပါတွေ့ဆုံညှိနှိုင်းပွဲသို့ ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်၊ ပြည်နယ်အတွင်းရှိ ပြည်နယ်/ ခရိုင်/ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများ၊ မြို့နယ်လျှပ်စစ်မှူးများ၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ မဟာဓာတ်အားလိုင်းမှူး(ဝိုင်းမော်)၊ ပင်မဓာတ်အားခွဲရုံမှူး (ဝိုင်းမော်၊ ဗန်းမော်) တို့မှ အရာထမ်း/ အမှုထမ်းများတက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက လက်ရှိ ဓာတ်အားထုတ်လုပ်နေမှုကို တိုးတက်မထုတ်နိုင်သေးမီ မြို့နယ်အဆင့်များတွင် ဓာတ်အားပျောက်ဆုံးမှုလျော့နည်းကျဆင်းရေး ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိကြောင်း၊ မြို့နယ်များအတွင်း ဓာတ်အားခကြွေးကျန်များ အပြည့်အဝရရှိရေးနှင့် တရားမဝင်ဓာတ်အားရယူသုံးစွဲမှုများမရှိစေရေး တာဝန်ရှိသူအဆင့်ဆင့်က စစ်ဆေးကြပ်မတ်သွားရန်လိုအပ်ကြောင်း၊ ဓာတ်အားပြတ်တောက်မှု၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရေးနှင့် ဓာတ်အားစနစ် တည်ငြိမ်တိုးတက်ကောင်းမွန်စေရေးတို့ကို ဟန်ချက်ညီညီတိုးတက်ကောင်းမွန်စေရေး စီမံဆောင်ရွက်ကြရန် လိုအပ်ကြောင်းပြောကြားပြီး ဝန်ထမ်းများ၏တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာက ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု၊ ဓာတ်အားပျောက်ဆုံးမှု၊ ဓာတ်အားပြတ်တောက်မှုလျော့နည်းကျဆင်းစေရေးဆောင်ရွက်ထားရှိမှု၊ ဘဏ္ဍာရေးနှစ်အလိုက် ဓာတ်အားခကောက်ခံရရှိမှုနှင့် ဓာတ်အားခကြွေးကျန်ကျဆင်းရေး ဆောင်ရွက်ထားရှိမှုနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များကို တင်ပြရာ ပြည်နယ်ဝန်ကြီးက သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည့်အစီအမံများကို ဖြည့်စွက်ဆွေးနွေးခဲ့ပြီး ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)



## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၉**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၇ ပေခန့် ရှိနိုင်သည်။

(မိုး/ဇလ)

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၉**

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

(မိုး/ဇလ)

# State Administration for Market Regulation (SAMR) ၏ ဒုတိယဝန်ကြီး ဒေါက်တာရှုဝေနှင့် ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျတို့တွေ့ဆုံ၍ အမျိုးသားအဆင့်အရည်အသွေးအခြေခံအဆောက်အဦများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး


နေပြည်တော် ဇန်နဝါရီ ၉

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လန်ချန်း-မဲခေါင်အထူးရန်ပုံငွေစီမံကိန်း (၂၀၂၂) ဆိုင်ရာ တရားဝင်ခရီးစဉ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ရောက်ရှိပြီး ဇန်နဝါရီလ ၇ ရက် နံနက်ပိုင်းက State Administration for Market Regulation (SAMR) ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရှုဝေနှင့် အဆိုပါဝန်ကြီးဌာနရုံးချုပ်၌ တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံမှုသည် ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၆ ရက်က ကူမင်းမြို့၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန(DRI)နှင့် State Administration for Market Regulation အောက်ရှိစံချိန်စံညွှန်းသတ်မှတ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုဌာန (Standardization Administration China)၊ အမျိုးသားတိုင်းတာရေးသိပ္ပံ (National Institute of Metrology-China)တို့နှင့် ရေးထိုးခဲ့သည့် MoU နှစ်စောင်အရ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို ဝန်ကြီးဌာနချင်းဆွေးနွေးညှိနှိုင်းရန် ဖြစ်သည်။

ထိုသို့မြန်မာ-တရုတ် ဒုတိယဝန်ကြီးများ တွေ့ဆုံစဉ် တရုတ်-မြန်မာဆွေမျိုးပေါက်ဖော်ဆက်ဆံရေးအစဉ်အလာကို ပိုမိုခိုင်မြဲစေလျက် သံတမန်ဆက်ဆံရေးထူထောင်ခြင်း ၇၅ နှစ်ပြည့် ၂၀၂၅ ခုနှစ်တွင် စိန်ရတုမှတ်တိုင်အဖြစ် အမျိုးသားအဆင့် သိပ္ပံနည်းကျ တိကျစွာတိုင်းတာခြင်း၊ စံချိန်စံညွှန်းသတ်မှတ်ခြင်းနှင့် အရည်အသွေးအာမခံချက် အသိအမှတ်ပြုခြင်းများဆိုင်ရာ နှစ်နိုင်ငံပူးပေါင်းဖလှယ်ရေးစီမံကိန်းများကို ထပ်မံချဲ့ထွင်ကာ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(မြောင်းမြ) နဝမအကြိမ်မြောက် စိုက်ပျိုးရေးဒီပလိုမာအောင်လက်မှတ်ပေးအပ်

နေပြည်တော် ဇန်နဝါရီ ၉

စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (မြောင်းမြ)၏ နဝမအကြိမ်မြောက် စိုက်ပျိုးရေးဒီပလိုမာ အောင်လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံဆရာ၊ ဆရာမများ၊ ဒီပလိုမာလက်မှတ် အပ်နှင်းခံရသည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘဆွေမျိုးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက အမှာစကားပြောကြား၍ သင်တန်းထူးချွန်ဆုရကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် စိုက်ပျိုးရေးနှင့်မွေးမြူရေး သိပ္ပံ(မြောင်းမြ)ကျောင်းအုပ်ဆရာမကြီးက ကျောင်းသား၊ ကျောင်းသူများထံ စိုက်ပျိုးရေး ဒီပလိုမာအောင်လက်မှတ်များ ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် စမ်းချောင်းကျေးရွာရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ကျွဲမွေးမြူရေးသုတေသနနှင့် မျိုးထိန်းမျိုးပွားခြံ၌ ကျွဲကောင်ရေ ၆၉ ကောင်မွေးမြူထားရှိမှု၊ ကျွဲမွေးမြူရေး သုတေသနပြုဆောင်ရွက်နေမှု၊ နေဗီယာ၊ အက်ထရာတန်၊ ဟာမစ်တာ၊ မွန်ဘားဆားနှင့် ဘော့စကိုင်း စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ ရှခင်းသာကျေးရွာရှိ မွေးမြူရေးတောင်သူ ဦးမြင့်အောင်၏ဥစားကြက်မွေးမြူရေးခြံ၌ ဥစားကြက်ကောင်ရေ ၆၆၀၀၀ မွေးမြူထားရှိမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးပြီး တိရစ္ဆာန်ဆေးဝါးများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြောင်းမြမြို့ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး ကျောင်းသုံးစာအုပ်နှင့် အာဟာရဖြည့်စွက်စာများပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် စိုက်ပျိုးရေးဦးစီးဌာနပိုင် မြောင်းမြဂုန်နီစက်ရုံအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လယ်ယာကဏ္ဍအခြေခံစက်ရုံများ၊ လယ်ယာပို့ကုန်တန်ဖိုးမြှင့်စက်ရုံများ တည်ထောင်ရင်းနှီးမြှုပ်နှံခြင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ငှားရမ်းထားသည့် မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကုမ္ပဏီလီမိတက် (MAPCO)သို့ရောက်ရှိပြီး ဆန်စပါးနှင့် လယ်ယာသီးနှံအခြောက်ခံခြင်း၊ သိုလှောင်သန့်စင်စက်ရုံနှင့် စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း တည်ဆောက်နေမှုနှင့် လျှော်ရွှေးလျှော်ထုတ်စက်ရုံ ထိန်းသိမ်းထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် မြောင်းမြမြို့နယ် ကျုံခါးကျေးရွာ တောင်သူ ဦးသိန်းဆိုင်ထွန်း၏ အောင်နိုင်တိုးစပါးမျိုး စံပြစိုက်ခင်းစိုက်ပျိုးထားရှိမှု၊ တောင်သူ ဦးသိန်းဆိုင်ထွန်း၏ ရေဆင်းပေါ်ဆန်း(၂) စံပြစိုက်ခင်းကောက်စိုက်နေမှုနှင့် ကန်ကြီးထောင့်မြို့နယ် ကျုံကြီးကျေးရွာအုပ်စု ညောင်ချောင်းကျေးရွာ မွေးမြူရေးတောင်သူ ဦးခင်အောင်၏ ဘဲမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုတို့ကိုလှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ထူးခြားသည့် ညအပူချိန်များ

၉-၁-၂၀၂၅

| | | | | | |
|---|---|---|---|---|---|
| ဟားခါး | ၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| နမ့်စန် | ၃ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| (ရှမ်းပြည်နယ်တောင်ပိုင်း) | | | | |
| လွိုင်လင် | ၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| တီးတိန် | ၄ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| မြစ်ကြီးနား | ၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ဟဲဟိုး | ၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| ပြင်ဦးလွင် | ၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| ပင်လောင်း | ၇ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| တောင်ကြီး | ၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မိုင်းယန်း | ၉ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့်**

**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**

**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ(၂၀၂၅ )အခမ်းအနားသို့ ကျရာအခန်းကဏ္ဍကနေ တက်ကြွစွာပါဝင်လှုပ်ရှားသူများ၏ စကားသံများ

**ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ(၂၀၂၅) အခမ်းအနားကို နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည်။ အခမ်းအနားတွင် တက်ကြွစွာပါဝင်လှုပ်ရှားသူများ၏ စကားသံများကိုဖော်ပြလိုက်ရပါသည်-**



ဦးဇော်ထွန်းအောင်



ပါမောက္ခ ဒေါက်တာနွယ်နီဝင်း



ဒေါက်တာတင်ဘုန်းကျော်



ဒေါက်တာကောင်းကျော်နိုင်



ဒေါက်တာချိုချိုမြတ်အောင်

**ဦးဇော်ထွန်းအောင်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အခြေခံပညာဦးစီးဌာန၊ စီမံကိန်းဌာန)**

ကျွန်တော်က ပညာရေးဆိုင်ရာအသုံးချသုတေသနနိုင်ငံတကာညီလာခံ(၂၀၂၅)မှာ An Evaluation of Lower Secondary Level English Textbooks in the Context of Myanmar ဆိုတဲ့ခေါင်းစဉ်နဲ့ စာတမ်းဖတ်ကြားမှာဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံဟာဆိုရင် သင်ရိုးညွှန်းတမ်းအသစ် Kg+12 ကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ ပြဋ္ဌာန်းခဲ့ပြီးသင်ရိုးညွှန်းတမ်းပါ၊ စာအုပ်စာတမ်းပါ အကြောင်းအရာတွေက တကယ့်လက်တွေ့အခြေအနေနဲ့ ကိုက်ညီမှု ရှိ/မရှိ စိစစ်တဲ့အနေနဲ့ ကျွန်တော် ဒီစာတမ်းကို ရွေးချယ်ပြီး တင်ပြတာဖြစ်ပါတယ်။ အခုလိုမျိုး နိုင်ငံတကာ ကွန်ဖရင့်တွေ မြန်မာနိုင်ငံမှာ ကျင်းပပေးခြင်းအားဖြင့် ပညာရှင်တွေ၊ ပညာတတ်တွေ ပိုမိုပေါ်များလာပြီးတော့ နိုင်ငံတော်ကြီးပိုမိုဖွံ့ဖြိုးတိုးတက်ဖို့အတွက် အထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။ ဒီလိုအခမ်းအနားမျိုး၊ ဒီလိုပွဲတွေကို ပိုပြီးတော့လုပ်ဆောင်ပေးဖို့လည်း ကျွန်တော်တို့အနေနဲ့ တိုက်တွန်းအားပေးပြီးတော့ ကျရာတာဝန်များထမ်းဆောင်ဖို့ရာမှာလည်း ကျွန်တော်တို့ဆောင်ရွက်လိုပါတယ်လို့ ပြောချင်ပါတယ်။

**ပါမောက္ခ ဒေါက်တာနွယ်နီဝင်း (ရန်ကုန်တက္ကသိုလ် ကုန်ထုတ်ဓာတုဗေဒဌာန)**

ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံကြီးရဲ့ ပြပွဲအခမ်းအနားမှာ ကျွန်မတို့ဌာနအနေနဲ့ ယခုလိုလာရောက်ပြသရတဲ့ ရည်ရွယ်ချက်ကတော့ အပြင်မှာထုတ်နေတဲ့ အရောင်ခြယ်ပစ္စည်းတွေကကျတော့ လူတွေကနေပြီး Chemical တွေနဲ့ထုတ်လုပ်ထားတဲ့အတွက်ကြောင့် လူတွေရဲ့ကျန်းမာရေးကိုထိခိုက်နိုင်တယ်။ ဒါကြောင့် အပင်ကရတဲ့ အရောင်ခြယ်ပစ္စည်းတွေကို ကျွန်မတို့ ထုတ်ပြီးတဲ့အခါမှာ ဘယ်လိုနေရာတွေမှာ ဘယ်လိုအသုံးပြုရတယ်ဆိုတာကို ပြသချင်တဲ့အတွက် အခုလိုလာရောက်ပြသတာဖြစ်ပါတယ်။ Cosmetics ပစ္စည်းတွေနဲ့ စားသောက်ကုန်ပစ္စည်းတွေမှာ သုံးပါတယ်။ ကျွန်မတို့က ပြခန်းပြထားတဲ့ ပစ္စည်းတွေကို သေချာစမ်းသပ်အသုံးပြုထားပါတယ်။ ကျွန်မတို့ ပစ္စည်းတွေက အပင်ကနေရတဲ့ပစ္စည်းဖြစ်တဲ့အတွက် ဆိုးကျိုးမရှိဘဲ အန္တရာယ်ကင်းပါတယ်။ ငါးတွေနဲ့ သေချာစမ်းသပ်ထားတာဖြစ်တဲ့အတွက် စိတ်ချလက်ချနဲ့အသုံးပြုလို့ရပါတယ်။ ကျွန်မတို့ဌာနကနေ Cosmetics Technology သင်တန်းနဲ့ Food Technology သင်တန်းတွေဖွင့်ပါတယ်။ အပြင်လူတွေရော၊ လုပ်ငန်းရှင်တွေရော သိချင်တယ်ဆိုရင် ကျွန်မတို့ သင်တန်းကဝေမျှပေးပါတယ်။ သင်တန်းကိုတက်ချင်ရင် ရန်ကုန်တက္ကသိုလ် ကုန်ထုတ်ဓာတုဗေဒဌာနမှာ မေးမြန်းစုံစမ်းနိုင်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်ရှင့်။

**ဒေါက်တာတင်ဘုန်းကျော် (မြန်မာစာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စီမံကိန်းဒါရိုက်တာ)**

ကျွန်တော် ဒီနေ့မှာ ဘာသာစကားနဲ့ AI နည်းပညာမှာ AI နည်းပညာက လူ့သမိုင်းကြောင်းတစ်လျှောက်မှာ ဘယ်လောက်အရေးပါသလဲ။ ဘာသာစကားရဲ့ အရေးပါမှုကြောင့် လူသားတွေရဲ့ဖွံ့ဖြိုးတိုးတက်မှုတွေရရှိလာတယ်။ အလားတူ ကွန်ပျူတာမှာလည်း ဘာသာစကားရဲ့ဖွံ့ဖြိုးတိုးတက်မှုကြောင့် နည်းပညာတွေ အချိန်မရွေး ဖွံ့ဖြိုးတိုးတက်လာတယ်ဆိုတဲ့အကြောင်းကို ဆွေးနွေးမှာဖြစ်ပါတယ်။ AI နည်းပညာဆိုတာဟာ ပညာရေးကဏ္ဍတင်မဟုတ်ဘဲ နိုင်ငံတော်ရဲ့ကဏ္ဍပေါင်းစုံမှာ အရေးပါတဲ့ နည်းပညာတစ်ရပ်လည်းဖြစ်ပါတယ်။ ဒီညီလာခံမှာ မြန်မာလိုရေး၊ မြန်မာလိုပြောတာဖြစ်တဲ့အတွက် ဒီညီလာခံဟာ ဘာသာစကားစွမ်းရည် တိုးတက်လာမှာဖြစ်ပါတယ်။ ဒီညီလာခံမှာ ဆွေးနွေးမှုအပိုင်းတွေအားလုံးက မြန်မာဘာသာစကားနဲ့ ရှင်းလင်းတင်ပြမယ်လို့ သိရပါတယ်။ ဒါကြောင့်မို့လို့ မြန်မာဘာသာစကားနဲ့ ဆွေးနွေးတာဖြစ်တဲ့အတွက် ဘာသာစကားအပိုင်းမှာ နားလည်မှုစွမ်းရည် အများကြီးတိုးတက်လာမှာပါ။ မေးတဲ့ဖြေတဲ့သူတွေအတွက်လည်း နားလည်နိုင်မယ့် အနေအထားကို ရရှိနိုင်မှာဖြစ်ပါတယ်။ ဒီညီလာခံမှာ ဝိဇ္ဇာ၊ သိပ္ပံတင်မကဘဲ AI နည်းပညာပါ ပါဝင်ခွင့်ရခဲ့ပါတယ်။ စီမံကိန်းအနေနဲ့ ပါဝင်ခွင့်ရတဲ့အတွက်ကြောင့် ကဏ္ဍပေါင်းစုံပါဝင်တဲ့ညီလာခံကြီးတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် ဒီညီလာခံကြီးမှာ ဗဟုသုတတွေစုံလင်မှာဖြစ်တယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

**ဒေါက်တာကောင်းကျော်နိုင် (ရန်ကုန်တက္ကသိုလ်၊ တက္ကသိုလ်များသုတေသနဌာန)**

Graphene ကို အခြေခံတဲ့ Super-capacitors ပြုလုပ်တဲ့ နည်းပညာကိုလာရောက်ပြသရခြင်းဖြစ်ပါတယ်။ ဒီနည်းပညာက Batteryတို့ Capacitors တို့ထက် ပိုကောင်းတဲ့နည်းပညာပေါ့။ ဘယ်လိုနေရာမှာ အသုံးပြုမလဲဆိုရင် Battery Capacitors အသုံးပြုတဲ့နေရာတွေမှာ Supercapacitors နည်းပညာကိုထည့်သွင်းအသုံးပြုမယ်ဆိုရင် ပိုကောင်းတဲ့ရလဒ်တွေရမှာအမှန်ပဲ။ ဥပမာ- EV ကားတွေကို အားသွင်းတဲ့အခါမှာ သုံးနာရီလောက်သွင်းရတယ်ဆိုရင်ဒီ Super-capacitors ကို ပြောင်းလဲအသုံးပြုမယ်ဆိုရင် တစ်နာရီလောက်ပဲသွင်းရမှာဖြစ်တဲ့အတွက် အချိန်ကုန်သက်သာစွာအသုံးပြုနိုင်မှာဖြစ်ပါတယ်။ ဒီစွမ်းအင်ကိုပြန်ထုတ်သုံးတဲ့အခါမှာလည်း စွမ်းအင်ကို လျင်မြန်စွာထုတ်သုံးနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် Battery တို့ Capacitors တို့နေရာမှာ ပိုကောင်းတဲ့ရလဒ်တွေရရှိအောင် ဒီ Super-capacitors နည်းပညာကို ပြုလုပ်တာဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ စီမံကိန်းတစ်ခုလည်းဖြစ်ပါတယ်။ နောက်ထပ်လည်းကြိုးစားနေပါတယ်လို့ ပြောချင်ပါတယ်။

**ဒေါက်တာချိုချိုမြတ်အောင် ( တိုင်းပညာရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး)**

INTERNATIONAL CONFERENCE ON APPLIED RESEARCH IN EDUCATION (2025) ကို တက်ရောက်ခွင့်ရတဲ့အတွက် ကျွန်မ များစွာဂုဏ်ယူမိပါတယ်။ ဒီမှာ အသုံးချသိပ္ပံဘာသာရပ်တွေပေါ့နော်။ ယခုအခါမှာ အခြေခံပညာအဆင့်တွေဆိုရင်လည်း Kg+ 12 သင်ရိုးညွှန်းတမ်းအသစ်ကို ပြောင်းလဲဆောင်ရွက်တဲ့အခါမှာ ပါတဲ့သင်ခန်းစာတွေအားလုံးဟာ တကယ့်ကို International Level ပေါ့နော်။ နိုင်ငံတကာနဲ့ အဆင့်မီသင်ခန်းစာတွေဖြစ်လာတော့ ဒီသင်ခန်းစာတွေကနေပြီးတော့ Grade –12 ပြီးလို့ အဆင့်မြင့်ပညာတွေကို ဆက်ပြီးသင်တဲ့အခါမှာ ဘာသာရပ်တိုင်းရဲ့ ဆက်စပ်မှုအခြေအနေကို လေ့လာနိုင်မှာဖြစ်ပါတယ်။ INTERNATIONAL CONFERENCE ကျင်းပမယ်ဆိုတဲ့ အခြေအနေကတော့ပြီးခဲ့တဲ့ကာလတွေကတည်းက ကျွန်မတို့ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနဲ့ အစည်းအဝေးတွေအကြိမ်ကြိမ်ပြုလုပ်နေကတည်းက သိရှိခဲ့တာပါ။ ဒီမှာပြမယ့် ပြခန်းတွေ၊ ပိုစတာတွေနဲ့ တင်သွင်းမယ့်စာတမ်းတွေကို သိရှိရတဲ့အခါမှာ များစွာစိတ်ဝင်စားမှုဖြစ်တဲ့အပြင်ကို ပညာရေးအတွက် ခြေလှမ်းအသစ်တစ်ခုပြီးတစ်ခုထပ်ပြီးတော့သွားတဲ့နေရာမှာ ယခင်တုန်းကဆိုရင် ကျွန်မတို့ကိုယ်တိုင်လည်း စာတမ်းတွေဖတ်ခဲ့ပါတယ်။ ကျောင်းအဆင့်တက္ကသိုလ် Level အဆင့်ပြီးတဲ့အခါမှာ ဝိဇ္ဇာ၊ သိပ္ပံပညာရှင်များရဲ့ စာတမ်းဖတ်ပွဲစသဖြင့် ဒီလိုမျိုးတွေပဲ ဆောင်ရွက်ခဲ့တဲ့အခါ ဒီလိုမျိုး International အဆင့်ကိုကိုယ့်ရဲ့နိုင်ငံမှာ ကျင်းပဆောင်ရွက်နိုင်တဲ့အတွက် နိုင်ငံတကာပညာရှင်တွေနဲ့ မြန်မာနိုင်ငံရဲ့ ပညာရေးပညာရှင်တွေ၊ ဘာသာရပ်ပညာရှင်တွေအားလုံးပေါင်းစုပြီး ဆောင်ရွက်ကြတာဖြစ်တဲ့အတွက်ကြောင့် ကျွန်မတို့အတွက် အတွေ့အကြုံဗဟုသုတတွေရော ပညာရေးအရွေ့တစ်ခုရဲ့ ပြောင်းလဲတိုးတက်မှုတွေကို ကျွန်မတို့လေ့လာရမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မတို့ အများကြီးဂုဏ်ယူကျေနပ်မိပါတယ်။

**လှဲ့ရည်လှိုင်**

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၁-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၇၅ | ၃၁၉၀ | ၃၁၅၅ | ၃၀၉၀ | ၃၁၉၅ | ၃၂၁၀ | ၃၂၂၅ | ၃၁၄၅ | ၄၅၀၅ | ၃၄၄၀ | ၃၁၆၀ | ၃၁၆၅ | ၃၂၃၅ | ၃၂၀၀ | ၃၂၂၀ | ၃၄၇၅ | ၃၉၅၀ |
| 95 Ron | ၃၁၆၀ | ၃၂၇၅ | ၃၂၄၀ | ၃၁၇၅ | ၃၂၈၀ | ၃၂၉၅ | ၃၃၁၀ | ၃၂၃၀ | ၄၅၆၀ | ၃၅၂၅ | ၃၂၅၀ | ၃၂၅၀ | ၃၃၂၀ | ၃၂၈၅ | ၃၃၀၅ | ၃၅၆၅ | ၄၁၀၀ |
| HSD (500 ppm) | ၂၇၁၀ | ၂၈၂၅ | ၂၇၉၀ | ၂၇၂၅ | ၂၈၃၀ | ၂၈၄၅ | ၂၈၆၅ | ၂၇၈၅ | - | ၃၀၇၅ | ၂၈၀၀ | ၂၈၀၀ | ၂၈၇၀ | ၂၈၃၅ | ၂၈၆၀ | ၃၁၁၅ | ၃၉၅၀ |
| HSD (50 ppm) | ၃၃၄၀ | ၃၄၅၀ | ၃၄၂၀ | ၃၃၅၅ | ၃၄၆၀ | ၃၄၇၅ | ၃၄၉၀ | ၃၄၁၀ | ၄၈၃၀ | ၃၇၀၀ | ၃၄၂၅ | ၃၄၃၀ | ၃၅၀၀ | ၃၄၆၀ | ၃၄၈၅ | ၃၇၄၀ | - |
| HSD (10 ppm) | ၃၃၄၀ | ၃၄၅၀ | ၃၄၂၀ | ၃၃၅၅ | ၃၄၆၀ | ၃၄၇၅ | ၃၄၉၀ | ၃၄၁၀ | - | ၃၇၀၀ | ၃၄၂၅ | ၃၄၃၀ | ၃၅၀၀ | ၃၄၆၀ | ၃၄၈၅ | ၃၇၄၀ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၀၂ | ၂၉၉၄ |
| 95 Ron | ၂၉၈၆ | ၃၀၇၉ |
| HSD (500 ppm) | ၂၅၅၁ | ၂၆၃၂ |
| HSD (50 ppm) | ၃၁၅၈ | ၃၂၅၁ |
| HSD (10 ppm) | ၃၁၅၈ | ၃၂၅၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**


SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၁၊ ၀၉ ၅၅၀၃၉၃၄ – ဂုံးချပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတဂုံး


Smart P ®
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ပြည့်စွမ်းထား
ပင်ရင်းအရောင်းဌာန - ဖုန်း – ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် –မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇


ထာဝရလှပသော အပြုံးအတွက်
Fluoride ပါဝင်သောကြောင့်
သွားများကို ဖြူဖွေးတောက်ပစေပါသည်။
DENTOMEC
FDA အမှတ်-2212 PCE 0013
DENTIST RECOMMENDED
ပင်ရင်းအရောင်းဌာန - ဖုန်း – ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် –မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇

# ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz-Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့်အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာဒိုင် အောက်ဆိုဒ်</th><th>နိုက်ထရိုဂျင်ဒိုင် အောက်ဆိုဒ်</th><th>အိုဇုန်း</th><th>ကာဗွန်မို နောက်ဆိုဒ်</th></tr>
<tr><td>၁</td><td colspan="8">ပြည်ထောင်စုနယ်မြေ နေပြည်တော်</td></tr>
<tr><td></td><td>၁</td><td>ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သာကေတမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>သန်လျင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>လှည်းကူးမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>အမရပူရမြို့နယ်၊ မန္တလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ကျောက်ဆည်မြို့</td><td colspan="3">ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td colspan="2">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ပြင်ဦးလွင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မုံရွာမြို့</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ကသာမြို့</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td><td>လက်ခံနိုင်သော</td></tr>
<tr><td></td><td>၃</td><td>ဟုမ္မလင်းမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>လဟယ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ထားဝယ်မြို့</td><td></td><td colspan="3">ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td>၆</td><td colspan="8">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပဲခူးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၇</td><td colspan="8">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မကွေးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သရက်မြို့</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
</table>

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာဒိုင် အောက်ဆိုဒ်</th><th>နိုက်ထရိုဂျင်ဒိုင် အောက်ဆိုဒ်</th><th>အိုဇုန်း</th><th>ကာဗွန်မို နောက်ဆိုဒ်</th></tr>
<tr><td>၈</td><td colspan="8">ဧရာဝတီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပုသိမ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၉</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ဘားအံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>မြဝတီမြို့</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td colspan="2">လက်ခံနိုင်သော</td><td colspan="2">ကောင်းမွန်</td></tr>
<tr><td>၁၀</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မော်လမြိုင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သထုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၁၁</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>တောင်ကြီးမြို့</td><td></td><td></td><td colspan="2">ကောင်းမွန်</td><td></td><td></td></tr>
<tr><td></td><td>၂</td><td>ကျိုင်းတုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5"></td></tr>
<tr><td></td><td>၃</td><td>တာချီလိတ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5"></td></tr>
<tr><td></td><td>၄</td><td>မိုင်းဆတ်မြို့</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
</table>

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)**

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကိုထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့် နေရာအနီးဝန်းကျင်အခြေအနေတို့အပေါ် မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေး ရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

| မြို့ | အနိမ့်ဆုံး / အမြင့်ဆုံးအပူချိန် |
|---|---|
| နေပြည်တော် | ၁၆˚c / ၃၀˚c |
| ရန်ကုန် | ၁၈˚c / ၃၂˚c |
| မန္တလေး | ၁၆˚c / ၃၁˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

**ပျောက်ဆုံးကြောင်း**
ဇင်မာလွင်(ဘ)ဦးအုန်းမြင့် ၇/ကဝန(နိုင်)၁၅၃၈၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၇၇၀၃၆၅၆

**ပျောက်ဆုံးကြောင်း**
မဝင်းရနံ့ထွေး(ဘ)ဦးဝင်းသိန်း ၁၀/မဒန(နိုင်)၂၇၂၈၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၀၅၁၂၈၇

**ပျောက်ဆုံးကြောင်း**
ရဲသော်ထွန်း(ဘ)ဦးတင်ထွန်း ၁၀/မလမ(နိုင်)၂၀၉၄၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၄၃၁၇၂၄၆

**ပျောက်ဆုံးကြောင်း**
မရီစန်း(ဘ)ဦးရီစိန် ၁၀/မလမ(နိုင်)၁၃၈၂၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၄၃၁၇၂၄၆

**ပျောက်ဆုံးကြောင်း**
မောင်ဇော်ဝင်းစိုး(ဘ)ဦးထွန်းအောင် ၁၀/မလမ(နိုင်)၂၈၁၄၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၄၃၁၇၂၄၆

စာပေမြင့်မှ လူမျိုးတင့်မည်

# တရားမဝင် စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **ဇန်နဝါရီလ ၇ ရက်**တွင် မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်းဘူးမြို့၊ ရွာသစ်ကျေးရွာအနီး၌ တရားမဝင် ရေနံစိမ်း (၄၆၈)ဂါလန်နှင့်ဆက်စပ်ပစ္စည်း(၁)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၂၅၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဇန်နဝါရီလ ၈ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်တို့၌ လိုင်စင်မဲ့ Nissan Note မော်တော်ယာဉ် (၁) စီးနှင့် Nissan AD Van မော်တော်ယာဉ် (၁) စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် စက်သုံးဆီဒီဇယ်ဆီ (၁၁)ပီပါ၊ ဓာတ်ဆီ ပီပါ (၇၀) (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၅၀၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၅၀၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ ဘားအံမြို့မှ ပဲခူးမြို့သို့ မောင်းနှင်လာသောမော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)၊ ပဲခူးမြို့၊ မှော်ကန်ရပ်ကွက်နှင့် ရှင်စောပုရပ်ကွက်တို့၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၈၉၅၅၀၀)နှင့် ပြည်မြို့၊ ဆံတော်ရပ်ကွက်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၇၀၀၀)တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ညောင်လေးပင်ခရိုင်အတွင်း၌ တရားမဝင် အခြားသစ် (၁ ဒသမ ၃၂၇)တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈၀၅၅၄)ကို သစ်တောဥပဒေအရလည်းကောင်း၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၌ လိုင်စင်မဲ့ Toyota Landcruiser Parado မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၅၆၃၀၅၄)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ တောင်ကြီးမြို့မှ ပဲခူးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၇၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Giga Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးအမြန်လမ်း၊ တံခွန်တိုင်အဝိုင်းအနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၄၅၈၁၀၆)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးအမြန်လမ်း၊ တံတားဦးအဝိုင်းအနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၀၉၂၈၀)နှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျောက်ဆည်မြို့၊ မြို့ရှောင်လမ်းအနီး၌ မော်တော်ယာဉ်(၄)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၈၈၂၁၈၇)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၂)စီး၊ Nissan Diesel Truck (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၈၆၄၉၅၇၃)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြောင်းမြမြို့နယ်၌ လိုင်စင်မဲ့ TYM-110 မော်တော်ဆိုင်ကယ်(၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရဲသာယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး၊ လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Ranger Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သထုံခရိုင်၊ ဇင်းကျိုက်မြို့နယ်၌ လိုင်စင်မဲ့ Hond Fit မော်တော်ယာဉ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသောမော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sunglong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ် (၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၂)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၂၆၁၈၁၇)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hyundai Truck (၁)စီး၊ Mitsubishi Fuso Truck (၁)စီးနှင့် Hino Ranger Truck(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၀၀၀၀၀၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ (၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၈၀၀၀)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ (၁၀)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁၉)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၆၃၀၂၈၆၅)ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ (၄)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၃၃၁၅၉၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၂၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၂၆၆၈၅၈၂)**ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီလ ၇ ရက်နှင့် ၈ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၅၂)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၂၀၀၆၂၀၉)**ကို ဖမ်းဆီးရမိခဲ့ပါသည်။ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့်ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းတို့ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

(သတင်းစဉ်)



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။




သီလဝါဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

# မုံရွာမြို့နယ်မှ အရာတော်မြို့နယ်သို့လာသော လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်ကာမြောက်ကျေးရွာမှ ပြည်သူ ၃၀ ကျော်အားဖမ်းဆီး၍ မိုင်းရှင်းခိုင်းသဖြင့် ပြည်သူ ၅ ဦး မိုင်းထိဒဏ်ရာရရှိခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၉


စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်မှ အရာတော်မြို့နယ်သို့ စစ်ကြောင်းထိုးနေသည့်လုံခြုံရေးတပ်ဖွဲ့ဝင်များကကျောက်ကာမြောက်ကျေးရွာမှ ပြည်သူ ၃၀ ကျော်အား ဖမ်းဆီး၍ မိုင်းရှင်းခိုင်းသဖြင့် ပြည်သူ ၅ဦး မိုင်းထိဒဏ်ရာများရရှိခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းဖြစ်စဉ်မှာ မှန်ကန်မှုမရှိကြောင်း၊ အကြမ်းဖက်သမားများကသာ အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရန်အတွက် ဌာနဆိုင်ရာအဆောက်အဦများကို Drop Bomb ချတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ လုပ်ဆောင်နေသည့်အပြင် အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်းတံတားများအား မိုင်းထောင်ဖောက်ခွဲခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဖျက်အမှောင့်လုပ်ငန်းများလုပ်ဆောင်နေသောအကြမ်းဖက်သမားများအား လိုက်လံတိုက်ခိုက်လျက်ရှိပြီး ပြည်သူများ လုံခြုံစိတ်ချစွာသွားလာနိုင်ရန်အတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများကိုလည်း လုပ်ဆောင်ပေးလျက်ရှိကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်သမားများ၏လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုမှအထင်အမြင်လွဲမှားစေရန်ရည်ရွယ်၍ တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)



# နည်းပြဒက်ချမ့်က ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲပြီးလျှင် နည်းပြရာထူးမှနုတ်ထွက်မည်ဖြစ်ကြောင်း ကြေညာပြီးနောက် နည်းပြသစ်အဖြစ် ဇီဒန်းရေပန်းစားနေ





ပဲရစ် ဇန်နဝါရီ ၉

ပြင်သစ်လက်ရွေးစင်အသင်းနည်းပြ ဒက်ချမ့်က ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲပြီးလျှင် အသင်းနည်းပြရာထူးမှ အနားယူမည်ဖြစ်ကြောင်း အတည်ပြုကြေညာပြီးနောက် နည်းပြသစ်အဖြစ် ဇီဒန်းက ရေပန်းစားနေကြောင်း သိရသည်။

အသက် ၅၆ နှစ်အရွယ် နည်းပြဒက်ချမ့်သည် ပြင်သစ်လက်ရွေးစင်အသင်းကို ၂၀၁၂ ခုနှစ်ကတည်းက စတင်တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်ပြီး အသင်းကို ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အောင်မြင်မှုများ ရယူပေးနိုင်ခဲ့ကာ ၂၀၁၈ ခုနှစ်က ရုရှားနိုင်ငံ၌ ကျင်းပခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပြီး ၂၀၂၂ ခုနှစ်က ကာတာနိုင်ငံ၌ကျင်းပခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ဗိုလ်လုပွဲသို့တက်ရောက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သော်လည်း အာဂျင်တီးနားအသင်းကို ရှုံးနိမ့်ပြီး ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရကာ ၂၀၁၆ ခုနှစ်က အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ယူရို ၂၀၁၆ ပြိုင်ပွဲတွင်လည်း ဒုတိယဆုဆွတ်ခူးနိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။

နည်းပြ ဒက်ချမ့်သည် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးတွင် အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက် အသင်းမှထွက်ခွာရန် နီးစပ်ခဲ့သော်လည်း နောက်ဆုံးတွင် အသင်းနှင့်သက်တမ်းတိုးစာချုပ်ချုပ်ဆိုကာ ဆက်လက်လက်တွဲခဲ့ခြင်းဖြစ်ပြီး ယခုအခါ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးတွင် အသင်းမှနုတ်ထွက်ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ပြင်သစ်နိုင်ငံသား နည်းပြ ဇီဒန်းသည် နည်းပြဘဝတွင်လည်း ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ အောင်မြင်မှုများစွာဆွတ်ခူးနိုင်ခဲ့ပြီး ရီးယဲလ်မက်ဒရစ်အသင်းကို ပထမအကြိမ်အဖြစ် ၂၀၁၆ ခုနှစ် မှ ၂၀၁၈ ခုနှစ်အထိ၊ ဒုတိယအကြိမ်အဖြစ် ၂၀၁၉ ခုနှစ် မှ ၂၀၂၁ ခုနှစ်အထိ တာဝန်ယူကိုင်တွယ်ခဲ့ပြီး ချန်ပီယံလိဂ်ဖလားအပါအဝင် ဆုဖလားများစွာ ဆွတ်ခူးနိုင်ခဲ့သည်။

ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ဇီဒန်းကို မန်ယူအသင်းအပါအဝင် ထိပ်တန်းကလပ်အသင်းကြီးများက ကမ်းလှမ်းမှုများ လုပ်ဆောင်ခဲ့ကြသော်လည်း နည်းပြ ဇီဒန်းကိုယ်တိုင်က ပြင်သစ်လက်ရွေးစင်အသင်းကိုသာ တာဝန်ယူကိုင်တွယ်လိုသည့်အတွက် ထိပ်တန်းကလပ်အသင်းများ၏ ကမ်းလှမ်းမှုများကို ပယ်ချခဲ့ပြီး စောင့်ဆိုင်းလျက်ရှိနေကြောင်း သိရသည်။

*Ref;90Min*

# ဝက်စ်ဟမ်းအသင်းက နည်းပြသစ်အဖြစ် ဂရေဟမ်ပေါ်တာကို ခန့်အပ်ရန်သဘောတူညီမှုရရှိ

လန်ဒန် ဇန်နဝါရီ ၉

ဝက်စ်ဟမ်းအသင်းက လစ်လပ်နေသည့်အသင်းနည်းပြရာထူးအတွက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြဂရေဟမ်ပေါ်တာကို ခန့်အပ်ရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

ဝက်စ်ဟမ်းအသင်းသည် ယခုဘောလုံးရာသီတွင် ရလဒ်များဆိုးရွားနေပြီး ပရီးမီးယားလိဂ် ပွဲ ၂၀ ကစားပြီးချိန်တွင် အဆင့်(၁၄) နေရာ ရောက်ရှိနေပြီး တန်းဆင်းဇုန်အတွက် ဖိအားများရှိနေသောကြောင့် နည်းပြ လိုပက်တယ်ဂူရီကို ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

ဝက်စ်ဟမ်းအသင်းသည် နည်းပြ လိုပက်တယ်ဂူရီကို ရာထူးမှထုတ်ပယ်ပြီးနောက် နည်းပြ ဂရေဟမ်ပေါ်တာကို ဆက်သွယ်မှုများပြုလုပ်ကာ ဆွေးနွေးပြီးနောက် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

အသက် ၄၉ နှစ်အရွယ် နည်းပြဂရေဟမ်ပေါ်တာသည် ဘရိုက်တန်အသင်းကို ၂၀၁၉ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ တာဝန်ယူကိုင်တွယ်ခဲ့ရာတွင် အသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သော်လည်း ၂၀၂၂ ခုနှစ် စက်တင်ဘာလက ချယ်လ်ဆီးအသင်းကို ပြောင်းရွှေ့ကိုင်တွယ်ခဲ့ရာ ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခြင်းမရှိခဲ့သည့်အတွက် ၂၀၂၃ ခုနှစ်က ချယ်လ်ဆီးအသင်းမှ ထုတ်ပယ်ခံရခြင်းဖြစ်ကြောင်း သိရသည်။

*Ref;90Min*

# ဂျူဗင်တပ်စ်အသင်းက အသင်းဗဟိုခံစစ်ပိုင်းအတွက် ဘာစီလိုနာအသင်း ဗဟိုခံစစ်ကစားသမား အာရှူဂျိုကိုခေါ်ယူရန်စီစဉ်

ရောမ ဇန်နဝါရီ ၉

ဂျူဗင်တပ်စ်အသင်းက လိုအပ်ချက်များရှိနေသည့် အသင်းဗဟိုခံစစ်ပိုင်းအတွက် ဘာစီလိုနာအသင်း ဗဟိုခံစစ်ကစားသမား အာရှူဂျိုကို ခေါ်ယူရန်စီစဉ်နေကြောင်း သိရသည်။

ဂျူဗင်တပ်စ်အသင်းသည် အသင်းမှ ဗဟိုခံစစ်ကစားသမားတစ်ဦးဖြစ်သည့် ဒီရယ်လိုကို ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် နာပိုလီအသင်းထံရောင်းချရန် သဘောတူညီမှုရရှိပြီးနောက် ၎င်း၏နေရာ၌ အာရှူဂျိုကိုအစားထိုးလိုခြင်းဖြစ်သည်။

အသက် ၂၅ နှစ်အရွယ် အာရှူဂျိုသည် ၂၀၁၈ ခုနှစ်က ဘော်စတွန်ရေးဗားအသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် နောက်ပိုင်းဘောလုံးရာသီများတွင် အသင်း၏ အဓိက ဗဟိုခံစစ်ကစားသမားတစ်ဦးအဖြစ်ပါဝင်ခဲ့ပြီး လက်ရှိ ဘာစီလိုနာအသင်းနှင့် အာရှူဂျိုတို့စာချုပ်သက်တမ်းမှာ ၂၀၂၆ ခုနှစ် ဇွန်လအကုန်တွင် ကုန်ဆုံးမည်ဖြစ်သည်။

ဘာစီလိုနာအသင်းက အာရှူဂျိုကို လုပ်ခလစာလျှော့ချပြီး သက်တမ်းတိုးစာချုပ်ချုပ်ဆိုလိုသော်လည်း အာရှူဂျိုကိုယ်တိုင်က လုပ်ခလစာလျှော့ချမည့်အစီအစဉ်ကို လက်ခံခြင်းမရှိသည့်အတွက် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ကြန့်ကြာနေသည့်အတွက် ဘာစီလိုနာအသင်းက ၎င်းနှင့်သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ခြင်းမရှိပါက ဇန်နဝါရီလအပြောင်းအရွှေ့ကာလနှင့် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတို့တွင် ရောင်းချရန်ဆုံးဖြတ်ထားသည်။

လက်ရှိတွင် ဘာစီလိုနာအသင်းသည် ငွေကြေးအကျပ်အတည်းနှင့်တွေ့ကြုံနေရပြီး အသင်းမှကစားသမားအများအပြားကို ရောင်းချရန်လိုအပ်နေသည့်အတွက် ဂျူဗင်တပ်စ်အသင်းက ထိုက်သင့်သော ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ကမ်းလှမ်းမှုပြုလုပ်ပါက အပြောင်းအရွှေ့ဖြစ်မြောက်ဖွယ်ရှိကြောင်း သိရသည်။

*Ref;Fabrizio Romano*

# မန်ယူအသင်းနှင့်သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် အဆင်မပြေဖြစ်နေသည့် ကိုဘီမိုင်နူးကို ချယ်လ်ဆီးအသင်းက ခေါ်ယူရန်ပြင်ဆင်

မန်ချက်စတာ ဇန်နဝါရီ ၉

ချယ်လ်ဆီးအသင်းက မန်ယူအသင်းနှင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် အဆင်မပြေဖြစ်နေသည့် လူငယ်ကွင်းလယ်ကစားသမား ကိုဘီမိုင်နူးကို ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။

အသက် ၁၉ နှစ်အရွယ် ကိုဘီမိုင်နူးသည် မန်ယူအသင်း အကယ်ဒမီထွက်ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၂၂ ခုနှစ်မှစတင်၍ အသင်းကြီးနှင့်ပူးပေါင်းခဲ့ကာ ပြီးခဲ့သည့်ဘောလုံးရာသီက အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ပြီး ဥရောပ၌ အကောင်းဆုံးလူငယ်ကွင်းလယ်ကစားသမားများတွင် တစ်ဦးအပါအဝင် ရပ်တည်နေသူဖြစ်သည်။

လက်ရှိတွင် ကိုဘီမိုင်နူးသည် မန်ယူအသင်း၌ တစ်ပတ်လုပ်ခလစာ စတာလင်ပေါင် ၂၀၀၀၀ ရရှိနေသူဖြစ်ပြီး စာချုပ်သစ်အတွက် ကိုဘီမိုင်နူးက တစ်ပတ်လုပ်ခလစာ စတာလင်ပေါင် ၂၀၀၀၀၀ အထိ အလိုရှိသော်လည်း မန်ယူအသင်းက မပေးချေလိုသည့်အတွက် ကြန့်ကြာနေခြင်းဖြစ်ပြီး နည်းပြအမိုရင်အတွက်လည်း ကိုဘီမိုင်နူးသည် အသင်းကွင်းလယ်ပိုင်းတွင် မရှိမဖြစ်ကစားသမားအဖြစ် သတ်မှတ်ထားခြင်းမရှိသောကြောင့် အသင်းနှင့်အနာဂတ်မှာလည်း မရေမရာဖြစ်နေခြင်းဖြစ်သည်။

မန်ယူအသင်းသည် ကစားသမားသစ်များခေါ်ယူရန်အတွက် အသင်းမှကစားသမားအများအပြားကို ရောင်းချရန်ပြင်ဆင်နေပြီး ကိုဘီမိုင်နူးအပြင် နောက်ထပ် ကစားသမားတစ်ဦးဖြစ်သည့် ဂါနာချိုကိုလည်း ရောင်းချဖွယ်ရှိကြောင်း သိရသည်။

*Ref;Fotmob*



❖ **လူငယ်များသည် တိုင်းပြည်၏အနာဂတ်ခေါင်းဆောင်များဖြစ်ပြီး နိုင်ငံ့တာဝန်ကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့်သူများဖြစ် . . .**

❖ **လူငယ်လူရွယ်များ၏ အကျင့်စာရိတ္တများကောင်းမွန်စေရေး၊ တိုင်းချစ်ပြည်ချစ်စိတ်များရရှိပြီး တိုင်းပြည်၏ဂုဏ်ကိုမြှင့်တင်လိုစိတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကိုစောင့်ထိန်းလိုစိတ်များ ဖြစ်ပေါ်စေရေးအတွက် စနစ်တကျဖြင့် လေ့ကျင့်ပျိုးထောင်ပေးရန်လို . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maxim RYZHENKOV အား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် ဇန်နဝါရီ ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maxim RYZHENKOV အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန

**စာမျက်နှာ ၆ ကော်လံ ၁** ❐

